မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက်၊ ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁၂ ရက်၊ စနေနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၃၅)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ ကြိုးပမ်းတည်ထောင်ခဲ့သော စနစ်သစ်တစ်ရပ် ယိမ်းယိုင်သွားခြင်းမရှိစေရန် တိုင်းရင်းသားအားလုံး ဝိုင်းဝန်းကာကွယ်တည်ဆောက်

အနှောင့်အယှက် အဟန့်အတားများ မည်သို့ပင် ကြုံတွေ့စေကာမူ ရင်ဆိုင်ကျော်လွှား

နေပြည်တော်   ဖေဖော်ဝါရီ ၁၂

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၁၁ခုနှစ် (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ပေးပို့သော သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် –

ချစ်ကြည်လေးစားအပ်ပါသော ပြည်ထောင်စုဖွား သွေးချင်းများခင်ဗျား –

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း ချစ်ကြည်ရင်းနှီးစွာ အတူတကွ မှီတင်းနေထိုင်လျက်ရှိကြကုန်သော တိုင်းရင်းသားသွေးချင်းသားချင်းအားလုံး ကောင်းကျိုးမင်္ဂလာအဖြာဖြာနှင့် ပြည့်ဝကြပါစေကြောင်း ဆုမွန်တောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် သမိုင်းကြောင်းကြီးမားသည့် နိုင်ငံဖြစ်ပါသည်။ နိုင်ငံတော်ကို စည်းလုံးညီညွတ်ခိုင်မာအောင် တည်ဆောက်နိုင်သော မင်းများလက်ထက်တွင် နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် ကျယ်ပြန့်စွာ သက်ရောက်ခဲ့ပေသည်။ ထို့အတူ နိုင်ငံတော်တွင် စည်းလုံးညီညွတ်မှုပြိုကွဲချိန်၌ သူတစ်ပါး၏ ကျူးကျော်ရန်စမှုကိုခံရသော နိုင်ငံလည်း ဖြစ်ခဲ့ပေသည်။ ကုန်းဘောင်မင်းဆက်၏ နောက်ဆုံးကာလတွင်မူ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ဆုံးရှုံးသွားကာ နယ်ချဲ့လက်အောက်သို့ ကျရောက်ခဲ့ရပေသည်။

ခွဲခြားအုပ်ချုပ်

နယ်ချဲ့တို့သည် မြန်မာနိုင်ငံကို လက်နက်အားကိုးဖြင့် အလွယ်တကူ သိမ်းပိုက်နိုင်ခဲ့သော်လည်း ဇာတိမာန်တက်ကြွသော တိုင်းရင်းသားတို့က ဒေသအသီးသီးတွင် တွန်းလှန်ကြသဖြင့် တိုင်းပြည်ငြိမ်သက်စေရန်ကား ကာလအတန်ကြာ ကြိုးပမ်းခဲ့ရသည်။ ထို့ကြောင့်လည်း နယ်ချဲ့တို့သည် မြန်မာနိုင်ငံကို ပြည်မဒေသနှင့် တောင်တန်းဒေသ ခွဲခြားအုပ်ချုပ်ခြင်းဟူသော ရေရှည်စီမံကိန်းဖြင့် သွေးခွဲခဲ့ပေသည်။ တစ်သွေးတည်းတစ်သားတည်း နေထိုင်ခဲ့ကြသော တိုင်းရင်းသားတို့အကြားတွင် သပ်လျှိုခဲ့ပေသည်။ နယ်ချဲ့တို့၏ လက်အောက်တွင် နှစ်ပေါင်းတစ်ရာကျော် သွေးခွဲအုပ်ချုပ်ခြင်းကို ခံခဲ့ရသဖြင့် ကိုယ်ကျိုးရှာ လက်ဝေခံအုပ်ချုပ်သူအချို့သည် နားယောင်ခဲ့ကြပေသည်။

နယ်ချဲ့တို့သည် ပြည်မဒေသကို မလွှဲသာမရှောင်သာ လွတ်လပ်ရေးပေးရသည့်တိုင် တောင်တန်းဒေသများကို လက်မလွှတ်ဘဲ ဆက်လက်၍ လက်အောက်ခံ ပြုထားလိုကြသည်။ ထို့ကြောင့် တောင်တန်းဒေသတာဝန်ခံ နယ်ချဲ့အရာရှိများသည် အိမ်ကြက်ချင်း အိုးမဲသုတ်ခဲ့ကြသည်။ သို့သော် မျိုးချစ်တိုင်းရင်းသားလူငယ်များသည် အမြော်အမြင်ကြီးမားကြသူများပီပီ နယ်ချဲ့တို့၏ ထောင်ချောက်တွင်းသို့ မသက်ဆင်းဘဲ တစ်နိုင်ငံလုံး လွတ်လပ်ရေးရရှိရေးအတွက်သာ စည်းလုံးညီညွတ်စွာ ကြိုးပမ်းခဲ့ကြသည်။

လွတ်လပ်ရေးရပြီးနောက် အကြောင်းအမျိုးမျိုးကြောင့် ပေါ်ပေါက်လာသော တိုင်းရင်းသားလက်နက်ကိုင်ဆန့်ကျင်မှုများအနက် အချို့သည် မိမိတို့ရေရှည်ရပ်တည်နိုင်ရေးအတွက် လူမျိုးရေးမှိုင်းကို တိုက်ခဲ့ကြပြန်သည်။ သို့သော် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသည် ကျောက်တုံးကျောက်စိုင်ပမာ ခိုင်ကျည်သော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ရပ်တည်ခဲ့ကြသည်။ လက်နက်ကိုင် ဆန့်ကျင်သူတို့သာ လုံးပါးပါးခဲ့ရသည့်နည်းတူ ပြည်တွင်း မငြိမ်မသက်မှုများကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးမှာလည်း နောက်ကျခဲ့ရပေသည်။

တန်းတူရည်တူ

အမှန်စင်စစ်အားဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် တိုင်းရင်းသားမျိုးနွယ်စုအားလုံးက ပိုင်ဆိုင်သော အချုပ်အခြာအာဏာပိုင် နိုင်ငံကြီးဖြစ်ပေသည်။ နိုင်ငံတော်အတွင်း မည်သည့်ဒေသသို့မဆို ရွှေ့ပြောင်းအခြေချနေထိုင်ခွင့်၊ ပရိယေသနဝမ်းစာကို လွတ်လပ်စွာ ရှာဖွေစားသောက်ခွင့်၊ မိမိတို့ယုံကြည်ရာ ဘာသာကို လွတ်လပ်စွာ ကိုးကွယ်ခွင့်၊ ရွေးချယ်တင်မြှောက်ပိုင်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် စသည့် နိုင်ငံသားတို့၏ အခွင့်အရေးများသည် တိုင်းရင်းသားအားလုံးတွင် တန်းတူရည်တူ ရှိခဲ့ကြပေသည်။

အမိမြန်မာနိုင်ငံတွင် အခြားနိုင်ငံအချို့ကဲ့သို့ လူမျိုးကြီး၊ လူမျိုးငယ်ဟူ၍မရှိ၊ လူများစု လူနည်းစုဆိုသည့် သဘောမထားဘဲ တိုင်းရင်းသားအားလုံး တစ်သားတည်းသာ ဖြစ်ပေသည်။ ထို့ကြောင့် အာဏာရလိုမှုဟူသော အကြောင်းကြောင့်ဖြစ်စေ၊ ပြည်ပ၏ သွေးထိုးမြှောက်ပင့်ပေးမှုဟူသော အကြောင်းကြောင့်ဖြစ်စေ တိုင်းရင်းသားများအကြား သပ်လျှိုသွေးခွဲလိုသော ကြံစည်မှုများ ပေါ်ပေါက်လာခဲ့သော် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတည်းဟူသော အမျိုးသားရေးတာဝန်ကို တိုင်းရင်းသားအားလုံးက အသက်ပေးထိန်းသိမ်းစောင့်ရှောက်ကြရမည် ဖြစ်ပေသည်။

ချစ်ကြည်လေးစားအပ်ပါသော တိုင်းရင်းသားသွေးချင်းများခင်ဗျား–

ပြည်ထောင်စုတစ်ဝန်းလုံး၌ အာဏာတည်ပြီးဖြစ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်၏ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို ဒီမိုကရေစီစနစ်ဖြင့် ကျင့်သုံးရာ၌ တိုင်းရင်းသားအားလုံး ပါဝင်ရမည် ဖြစ်ပေသည်။ ထို့ပြင် လျော်ကန်သင့်မြတ်သော လူဦးရေရှိသည့် တိုင်းရင်းသားလူမျိုးများအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဥပဒေပြုရေးတွင် ထိုတိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ ပါဝင်ခွင့်ကိုလည်း ပြဋ္ဌာန်းထားပေသည်။ ယခုအခါ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် အဆင့်(၆)အရ လွှတ်တော်ကိုယ်စားလှယ်များဖြင့် လွှတ်တော်အစည်းအဝေးများ ကျင်းပခြင်းနှင့် အဆင့်(၇)အရ လွှတ်တော်မှ ဖွဲ့စည်းပေးသော အာဏာပိုင်အဖွဲ့အစည်းများဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိနေပြီ ဖြစ်ပေသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် စတင်ကျင့်သုံးသော ဒီမိုကရေစီစနစ်သည် အလွန်နုနယ်နေပေသေးသည်။ ထို့ကြောင့် အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့က ဗွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် ကြိုးပမ်းတည်ထောင်ခဲ့သော စနစ်သစ်တစ်ရပ် ယိမ်းယိုင်သွားခြင်းမရှိစေရန် တိုင်းရင်းသားအားလုံးက ဝိုင်းဝန်းကာကွယ်ခြင်းနှင့် ဝိုင်းဝန်းတည်ဆောက်ခြင်းတို့ကို ဆောင်ရွက်သွားကြရန် လိုအပ်ပေသည်။ ထိုသို့ဆောင်ရွက်ရာတွင် အနှောင့်အယှက် အဟန့်အတားများကို မည်သို့ပင် ကြုံတွေ့ရစေကာမူ ရင်ဆိုင်ကျော်လွှားသွားနိုင်ရေးမှာ တိုင်းရင်းသားအားလုံး၏ တာဝန်ပင် ဖြစ်ပေသည်။

ညီညွတ်မှုစွမ်းပကား

ထိုနည်းတူပင် နှစ်ပေါင်းထောင်ချီ၍ အခွန့်ရှည်တည်တံ့ခဲ့သော အမိမြန်မာနိုင်ငံတော်ကြီးအား အရှည်ခိုင်ခံ့သည့် ပြည်ထောင်စုကြီးအဖြစ် ရပ်တည်နိုင်စေရန် ပြည်ထောင်စုသားသွေးချင်းသားချင်းအားလုံးက တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းပကားဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြပါရန် ချစ်ကြည်လေးစားစွာ တိုက်တွန်းအပ်ပါသည်။ ။

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်)

ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ လက်တွဲဖော်ဆောင်

၂၀၁၁ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်နေ့ (ယနေ့)သည် (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ဖြစ်သည်။ မြန်မာနိုင်ငံအတွင်း ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့် တိုင်းရင်းသားသွေးချင်း မျိုးနွယ်ပေါင်းတစ်ရာကျော် စုပေါင်းလက်တွဲနေထိုင်လာခဲ့သည်မှာ နှစ်ပေါင်း ထောင်ချီတိုင်ခဲ့ပြီဖြစ်သည်။

ပြည်ထောင်စုနေ့သည် ကိုလိုနီနယ်ချဲ့တို့၏ နှစ်ပေါင်းတစ်ရာကျော် ကျွန်ပြုစိုးမိုးမှုအောက်မှ ဆန့်ကျင်ရုန်းထွက်ကာ လွတ်လပ်သောအချုပ်အခြာအာဏာပိုင် နိုင်ငံတော်ကြီး အမြန်ပြန်လည်မွေးဖွားသန့်စင် ပေးနိုင်ရန် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ရရှိစေခဲ့သောနေ့ဖြစ်သည်။

နိုင်ငံတော်ကြီး အစွန့်ရှည်စွာ တည်တံ့ခိုင်မြဲရေးနှင့် ရရှိပြီးဖြစ်သော လွတ်လပ်ရေးနှင့် အချုပ်အခြာ အာဏာ ပြန်လည်ဆုံးရှုံးမှုမရှိစေရေးအတွက် ပြည်ထောင်စုသားတို့သည် နိုင်ငံတော်၏မည်သည့်နေရာ၊ မည်သည့်ဒေသတွင် နေထိုင်ကြသည်ဖြစ်စေ ခိုင်မြဲသည့်ပြည်ထောင်စုစိတ်ဓာတ် မွေးမြူသွားကြရန် အလွန်အရေးကြီးပေသည်။ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်း စောင့်ရှောက်သွားကြရမည့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ပြည်ထောင်စုကြီးအတွင်း တိုင်းရင်းသားသွေးချင်းညီအစ်ကိုမောင်နှမများ မျိုးနွယ်ပေါင်းတစ်ရာကျော် အတူတကွချစ်ကြည်ရင်းနှီးစွာ နေထိုင်လာခဲ့ကြသည်။ ယဉ်ကျေးမှု၊ ဘာသာစကား၊ ဓလေ့ထုံးတမ်းများ ကွဲပြားခြားနားသော်လည်း သနားကြင်နာခြင်း၊ ရိုးသားဖြောင့်မတ်ခြင်း၊ ကူညီရိုင်းပင်းလိုစိတ်ရှိခြင်းနှင့် ခွင့်လွှတ်သည်းခံစိတ်ရှိခြင်းတို့သည် တူညီသော သဘောသဘာဝများရှိ၍ ထူးခြားသောဝိသေသဂုဏ်ရည်များ ပင်ဖြစ်သည်။

ထူးမြတ်သည့် ပြည်ထောင်စုနေ့အခါသမယမှသည် နောင်နှစ်ပေါင်းများစွာတိုင် ပြည်ထောင်စုကြီးကို ဖြိုခွဲမည့်အကြံဟူသမျှ ဝိုင်းဝန်းဆန့်ကျင်ဖယ်ရှားပြီး ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ရန်၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ခိုင်မြဲသည်ထက် ခိုင်မြဲရန် (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်များကို အလေးအနက်ခံယူပြီး လက်တွေ့နယ်ပယ်တွင် စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းလက်တွဲ ကြိုးပမ်းအကောင်အထည်ဖော်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မင်္ဂလာဒုံမြို့နယ်၌ ပညာအလင်းစာကြည့်တိုက်ဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၁

မင်္ဂလာဒုံမြို့နယ် ပေါင်းကူ ဉာဏကျေးရွာ၌ စံ(၅)ရပ်နှင့် ပြည့်စုံသော ပညာအလင်းစာကြည့်တိုက်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၉ ရက် နံနက်ပိုင်းက အဆိုပါ စာကြည့်တိုက်၌ ကျင်းပရာ ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် ဥက္ကဋ္ဌ ဦးနေလင်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးငြိမ်းထွေးနှင့် အလှူရှင် ဦးဝင်းထိန် (ဝါဝါဝင်းကုမ္ပဏီ)တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (အပေါ်ပုံ)

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဦးနေလင်းက ငွေကျပ် တစ်သိန်း၊ ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဖြူဖြူက မဂ္ဂဇင်း ဂျာနယ်အုပ်ရေ ၁၀၀၊ အလှူရှင် ဦးဝင်းထိန်နှင့် ဒေါ်အေးအေးယု တို့က ငွေကျပ် ၁၀သိန်းကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံယူ ခဲ့ကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

မြောင်းမြမြို့ စိုက်ပျိုးရေးသိပ္ပံ မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

မြောင်းမြ ဖေဖော်ဝါရီ ၁၁

မြောင်းမြ စိုက်ပျိုးရေးသိပ္ပံမှ သက်ပြည့် အငြိမ်းစားယူခဲ့ကြသော ဆရာ ဆရာမကြီးများနှင့် ၁၉၈၂-၁၉၈၃မှ ၂၀၀၁-၂၀၁၀ ပညာသင်နှစ်အတွင်း အနည်းဆုံး ငါးနှစ် ပညာသင်ကြားပေးခဲ့ကြသော ဆရာ ဆရာမများအား မတ် ၆ ရက် (တနင်္ဂနွေနေ့)တွင် မြကျွန်းရွှေဝါ ခန်းမ၌ ပူဇော်ကန်တော့ကြမည် ဖြစ်ရာ ကျောင်းသား ကျောင်းသူ ဟောင်းများအားလုံး မပျက်မကွက် တက်ရောက်ကြရန်နှင့် လှူဒါန်းလိုသူများသည် စိုက်ပျိုးရေးသိပ္ပံ မြောင်းမြမြို့ ဖုန်း-၀၄၂-၇၀၀၁၆၊ခရိုင်စိုက်ပျိုးရေးရုံး မြောင်းမြ ဖုန်း-၀၄၂-၇၀၃၀၀၊ မြို့နယ်စိုက်ပျိုးရေးရုံး မြောင်းမြ ဖုန်း-၀၄၂-၇၀၄၅၇၊ ဒေါ်လှဲလှဲခိုင် တိုင်းဒေသကြီး စိုက်ပျိုးရေးရုံး(ပုသိမ်)ဖုန်း-၀၉-၄၉-၂၆-၁၃၆၂၊ ဦးအောင်သန်း ဖုန်း-၀၉-၈၅၇၂၇၆၄၊ ဦးထွန်းမင်းလတ် ဖုန်း-၀၉-၈၅၇၈၄၃၉၊ ဦးသိန်းဇံထွန်း ဖုန်း-၀၉-၄၉၇၅၂၂၇၁နှင့် ဦးမျိုးမြင့်လှိုင် ဖုန်း-၇၃၀-၂၆၂၂၄ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

သာကေတမြို့နယ် အမှတ်(၁၉) အခြေခံပညာ မူလတန်းကျောင်း၏ ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၅ ရက်က ကျင်းပရာ သူငယ်တန်းဘာသာစုံ ထူးချွန်ဆုရ သူငယ်တန်း(က)မှ မောင်ကောင်းလင်းဟန်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်စုစုဝင်းက ဆုချီးမြှင့်စဉ်။ (ပညာရေး)

မြန်မာနိုင်ငံကုန်သည်/စက်မှုအသင်းချုပ်နှင့် သီရိလင်္ကာနိုင်ငံခြားရေး ဒုတိယဝန်ကြီးအဖွဲ့ တို့ တွေ့ဆုံ

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံးမှ ဒုတိယညွှန်ကြားရေးမှူး၊ ဖိတ်ကြားထားသော ဗဟိုအလုပ်အမှုဆောင်များ၊ ကျောက်မျက်ရတနာလုပ်ငန်းရှင်များ၊ ခရီးသွားလုပ်ငန်းနှင့် သက်ဆိုင်သော ပုဂ္ဂိုလ်များ၊ အခြားစီးပွားရေးလုပ်ငန်းရှင်များနှင့် သီရိလင်္ကာ ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Neomal Perea ခေါင်းဆောင်သော အဖွဲ့ဝင်လေးဦးတို့သည် ဇန်နဝါရီ ၂၃ ရက် နံနက်ပိုင်းက အသင်းချုပ်ရုံး၌ တွေ့ဆုံခဲ့ကြသည်။

ရင်းနှီးစွာဆွေးနွေး

အဆိုပါတွေ့ဆုံပွဲတွင် နှစ်နိုင်ငံ အပြန်အလှန်ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးကိစ္စ၊ သီရိလင်္ကာ ဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ကျင်းပသော ပြပွဲများသို့ မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်နိုင်ရေးကိစ္စ၊ ခရီးသွားလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စ၊ သကြား၊ လက်ဖက်ခြောက် လုပ်ငန်းများတွင်လည်း ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများဆိုင်ရာ ကိစ္စတို့ကို ရင်းနှီးစွာ ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

(ကုန်သည်/စက်မှုအသင်းချုပ်)

လှိုင်ကော်၌ ကတ္တရာလမ်းပြုပြင်

လှိုင်ကော် ဖေဖော်ဝါရီ ၁၁

လှိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ(၂)ဒေါ်ဖြူစင်သန့်နှင့် ဝန်ထမ်းများ ကမ်းနားလမ်း ကတ္တရာလမ်းပေါက် ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၅ ရက်က အမှုဆောင်အရာရှိ ဦးကျော်သူနှင့် တာဝန်ခံအင်ဂျင်နီယာမှူး ဦးအောင်ကျော်မိုးတို့ ကြီးကြပ်ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ်စည်ပင်)

လယ်ယာသန်းခေါင်စာရင်းကောက်ယူရေး မြောင်းမြမြို့၌ သင်တန်းဖွင့်

မြောင်းမြ ဖေဖော်ဝါရီ ၁၁

မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း(မြို့နယ်အဆင့်)စာရင်းကောက်များ သင်တန်းဖွင့်ပွဲနှင့် တာဝန်ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၂ ရက် နံနက် ၁၀ နာရီက မြောင်းမြမြို့ မြရွှေဝါခန်းမ၌ ကျင်းပရာ ခရိုင်မြေစာရင်းဦးစီးဌာနမှူး ဦးတင်ထွန်းအောင်နှင့် မြောင်းမြမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးတင့်နိုင်တို့က အမှာစကားပြောကြားကြသည်။ (အပေါ်ပုံ)

တက်ရောက်

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုဥက္ကဋ္ဌများနှင့် စာရေးဝန်ထမ်းများ၊ စာရင်းကောက် မြေစာရင်းဝန်ထမ်းများ စုစုပေါင်း ၁၀၂ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ကိုးရက်ကြာမြင့်ခဲ့ကြောင်း သိရှိရသည်။ (ခရိုင် ပြန်/ဆက်)

ရွှေသောင်ယံမြို့ စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သည့် ချောင်းသာ-ရွှေသောင်ယံလမ်း အမှတ်(၂)ရပ်ကွက် ကျောက်ချောခင်းခြင်း လုပ်ငန်းကို ပုသိမ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနေထက်ရှိန်နှင့်အင်ဂျင်နီယာမှူး ဦးစတင့်ဝေတို့ ကွင်းဆင်းစစ်ဆေးရာ မြို့နယ်တာဝန်ခံနှင့် အငယ်တန်းအင်ဂျင်နီယာ(၂)တို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

❒ *ကျောဖုံးမှ*

အထမြောက်

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် ရောက်ရှိ နေရာယူသည်။ ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ယနေ့ကျင်းပသည့် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ် ၆၅၉ ဦးရှိသည့်အနက် ၆၅၇ ဦး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၉ ဒသမ ၇ ရာခိုင်နှုန်းတက်ရောက်သဖြင့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ အထမြောက်ကြောင်းနှင့် အစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာသည်။

အစီအစဉ်အရ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုလွှတ်တော်သို့ တင်ပြထားသော ပြည်ထောင်စုဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ် (၁၀) ဦးနှင့် ပတ်သက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၂၊ ပုဒ်မခွဲ(က)ပါ သတ်မှတ်ထားသည့် အရည်အချင်းများနှင့် မပြည့်စုံကြောင်း သက်သေအထင်အရှားပြ၍ ကန့်ကွက်လိုသော လွှတ်တော် ကိုယ်စားလှယ်များ ကန့်ကွက်နိုင်ကြောင်း ကြေညာခဲ့သော်လည်း ကန့်ကွက်ချက် တစ်စုံတစ်ရာ မရှိသည့်အတွက် အဆိုပါ (၁၀) ဦးအား ပြည်ထောင်စု ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရန် ပြည်ထောင်စုလွှတ်တော်က သဘောတူကြောင်း ပြည်ထောင်စုလွှတ်တော်နာယက က ကြေညာသည်။

တင်ပြ

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဖွဲ့စည်းရန် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ရွေးချယ်ထားသည့် အဖွဲ့ဝင် (၃)ဦး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ထားသည့် အဖွဲ့ဝင် (၃)ဦးနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ထားသည့် အဖွဲ့ဝင်(၃)ဦး စုစုပေါင်း (၉)ဦး၏အမည်စာရင်းကို လည်းကောင်း၊ ယင်းတို့အနက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရန် အဖွဲ့ဝင်တစ်ဦး၏ အမည်ကို လည်းကောင်း နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ၏ တင်ပြချက်ကို ပြည်ထောင်စုလွှတ်တော် နာယကက ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၀ နှင့်အညီ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးကို ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင် (၉) ဦးအဖြစ် ဖွဲ့စည်းမည်ဖြစ်ရာ နိုင်ငံတော် သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ရွေးချယ်ထားသည့် အဖွဲ့ဝင် (၃) ဦးမှာ ဦးသိန်းစိုး၊ ဒေါက်တာတင်အောင်အေးနှင့် ဒေါ်ခင်လှမြင့်တို့ဖြစ်သည်။ ပြည်သူ့ လွှတ်တော် ဥက္ကဋ္ဌက ရွေးချယ်ထားသည့် အဖွဲ့ဝင် (၃) ဦးမှာ ဦးထွန်းကြည်၊ ဦးစိုးသိန်းနှင့် ဦးခင်ထွန်းတို့ဖြစ်သည်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ရွေးချယ်ထားသည့် အဖွဲ့ဝင် (၃) ဦးမှာ ဦးဆန်းမြင့်၊ ဦးမြင့်ကြိုင်နှင့် ဒေါ်မိမိရီ တို့ဖြစ်သည်။

ယင်းတို့အနက် ဦးသိန်းစိုးကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရန် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုလွှတ်တော်သို့ တင်ပြထားကြောင်း ကြေညာသည်။

ကြေညာ

ယင်းနောက် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြသော နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးမည့် ပုဂ္ဂိုလ်များ၏ အရည်အချင်းနှင့် စပ်လျဉ်း၍ စိစစ်နိုင်ရန် ယင်းတို့၏ ကိုယ်ရေး အချက်အလက်များကို သက်ဆိုင်ရာပါတီအလိုက် ဆက်သွယ်ရန် တာဝန်ပေးထားသည့် ကိုယ်စားလှယ်က ယနေ့ ညနေပိုင်းတွင် လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ လာရောက် တောင်းခံနိုင်ကြောင်း၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ (၂၇)၊ နည်းဥပဒေခွဲ (ခ)အရ ယခုတင်ပြခဲ့သည့် ပုဂ္ဂိုလ် တစ်ဦးဦးသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၃၃ တွင် သတ်မှတ် ထားသည့် အရည်အချင်းများနှင့် မပြည့်စုံကြောင်း သက်သေအထင်အရှားပြ၍ ကန့်ကွက်လိုသော လွှတ်တော်ကိုယ်စားလှယ်များရှိပါက ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီ နောက်ဆုံးထား၍ လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့နိုင်ကြောင်း ပြည်ထောင်စု လွှတ်တော်နာယက က ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး၏ စတုတ္ထနေ့အစည်းအဝေးကို ရပ်နားကြောင်းနှင့် ပဉ္စမနေ့ အစည်းအဝေးကို ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ဆက်လက် ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

အစည်းအဝေးကို နံနက် ၁၀ နာရီ မိနစ် ၂၀တွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်ပုံမှန်အစည်းအဝေး စတုတ္ထနေ့တွင် လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စု လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးသို့ တက်ရောက်လာကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလအတွက်

(၁၃-၂-၂၀၁၁)ရက်နေ့

နှင့်

(၂၇-၂-၂၀၁၁)ရက်နေ့

နိုင်ငံတော်ကြီးရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အနာဂတ်တွင် မယိမ်းမယိုင် ခိုင်ခိုင်မြဲမြဲရှိရေး နိုင်ငံသားအားလုံး အမျိုးသားရေးတာဝန်အဖြစ် ထိန်းသိမ်းကာကွယ်စောင့်ရှောက်

အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၇၄) သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၁

အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၇၄) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီ ၄၅ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) ရတနာသိဃ်ခန်းမဦ့ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး ကိုယ်စား ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်း တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားသည်။ **(ယာပုံ)**

တက်ရောက်

သင်တန်းဆင်းပွဲအခမ်းအနားသို့ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးဝင်းအောင်နှင့် ဦးစိုးဦး၊ တရားရုံးချုပ် တရားသူကြီး ဦးခင်မြင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ပါမောက္ခချုပ်ဦးဝင်းမောင်၊ ဒုတိယပါမောက္ခချုပ်၊ ဌာနကြီးမှူးများ၊ ဌာနမှူးများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦး ကိုယ်စား ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်း တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒလမ်းစဉ်အဖြစ် ခံယူပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များချမှတ်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးအား ဘက်ပေါင်းစုံတွင် နိုင်ငံတကာနှင့်ယှဉ်တွဲပြီး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကဏ္ဍစုံတွင် ဖွံ့ဖြိုးတိုးတက်မှု အခြေခံအဆောက်အအုံများ တည်ဆောက်ပေးလျက်ရှိရာ ယခုအခါ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ပြည်သူများ၏ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများလည်း အထိုက်အလျောက်မြင့်မားခိုင်မာမှုများ ရရှိခံစားနေကြရပြီ ဖြစ်ကြောင်း။

လွှတ်တော်အစည်းအဝေးများ

တစ်ချိန်တည်းမှာပင် ပြည်သူများ မျှော်လင့်တောင့်တနေသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ပြီး နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ တက်ညီလက်ညီ ပူးပေါင်းမှုဖြင့် အဆင့်ဆင့်အောင်မြင်စွာကြိုးပမ်းတည်ဆောက် အကောင်အထည်ဖော်လျက်ရှိရာ ယနေ့အချိန်အခါတွင် မူဝါဒလမ်းစဉ် အဆင့်(၆)အရ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးများကို နေပြည်တော်တွင် ကျင်းပလျက်ရှိကြောင်း၊ ဤလွှတ်တော်များတွင် တိုင်းရင်းသားစုံ လွှတ်တော်ကိုယ်စားလှယ်များ စုံစုံညီညီ သိုက်သိုက်ဝန်းဝန်းဖြင့် တက်ရောက်ဆွေးနွေးဆုံးဖြတ် ဆောင်ရွက်နေကြောင်း၊ ထို့အတူ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များ အလိုက် လွှတ်တော်အစည်းအဝေးများကို စနစ်တကျ ကျင်းပဆောင်ရွက်လျက်ရှိကြောင်း။

ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေး သဘာပတိများရွေးချယ်ခြင်း၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ ရွေးကောက်တင်မြှောက်ခြင်း၊ ဒုတိယသမ္မတများနှင့် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ခြင်းများကို အဆိုတင်သွင်းသူ၊ ထောက်ခံသူများဖြင့် စနစ်တကျတိုင်ပင်ညှိနှိုင်းဆောင်ရွက်နေကြခြင်းဖြင့် ကိုယ်စားလှယ်တစ်ဦးစီ၏ အမြင်၊ သဘောထားဆန္ဒများအလျောက် နှစ်သက်သလိုလွတ်လပ်စွာ အဆိုပြု၊ ထောက်ခံတင်သွင်းနေကြသည့် ဒီမိုကရေစီအနှစ်သာရကို အထင်အရှား တွေ့မြင်နေကြရမှာဖြစ်ကြောင်း။

ဒီမိုကရေစီနိုင်ငံတော်သစ်

မကြာမီကာလတွင် လွှတ်တော်မှ ဖွဲ့စည်းပေးသည့် အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးမဏ္ဍိုင်များ ပေါ်ပေါက်လာမည်ဖြစ်၍ အဆင့် (၇)အရ လွှတ်တော်မှ ဖွဲ့စည်းပေးထားသည့် အစိုးရအဖွဲ့နှင့် အာဏာပိုင်အဖွဲ့အစည်းများဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ခြင်းဆိုသည့် အခန်းကဏ္ဍကို ဆက်လက်ဆောင်ရွက်သွားကြမှာ ဖြစ်ကြောင်း။

ပညာရေးကဏ္ဍ၏ အဓိကစွမ်းအားစုများဖြစ်သည့် ဆရာ ဆရာမများအနေဖြင့် အနာဂတ်နိုင်ငံတော်ကို လက်ဆင့်ကမ်းတာဝန်ယူသွားကြမည့် မျိုးဆက်သစ်လူငယ်များအား ပညာရည်ထူးချွန်ထက်မြက်ရုံသာမက ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ခိုင်မာသော လူ့စွမ်းအားအရင်းအမြစ်များအဖြစ် လေ့ကျင့်ပျိုးထောင်သွားကြရမည် ဖြစ်ကြောင်း၊ လူငယ်လူရွယ်များအတွင်း စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ကို အစဉ်တစိုက်တည်ဆောက်ပေးနိုင်သည်နှင့်အမျှ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ထိန်းသိမ်းလိုသည့်စိတ်ဓာတ်၊ နိုင်ငံကြီးသားစိတ်ဓာတ် အစရှိသည့် မြင့်မြတ်သောစိတ်ဓာတ်ရေးရာ အခြေခံကောင်းများကိုပါ တစ်ပါတည်း ရရှိသွားကြမည်ဖြစ်ကြောင်း။

အလေ့အကျင့်ကောင်း

ယခုကဲ့သို့ ရရှိလာသည့် စိတ်ဓာတ်ရေးရာ အခြေခံကောင်းများအပေါ်တွင် အများနှင့်ပူးပေါင်းဆောင်ရွက်တတ်မှု၊ ဖွဲ့လုံ့လ ဝီရိယရှိမှု၊ သစ္စာရှိမှုစသည့် မွန်မြတ်သော အရည်အသွေးကောင်းများဖြင့် ပြည့်စုံစေရေး တည်ဆောက်ပေးကြရမည် ဖြစ်သကဲ့သို့ တစ်ချိန်တည်းမှာပင် မိမိတို့နိုင်ငံ၏ သမိုင်းတစ်လျှောက် လက်ဆင့်ကမ်း ထိန်းသိမ်းလာခဲ့သည့် ရိုးရာဓလေ့ ထုံးတမ်းအစဉ်အလာများ၊ ဘာသာရေးအဆုံးအမများ၊ လူမှုရေးနီတိများကိုအခြေခံပြီး တစ်ဦးချင်းစည်းကမ်းလိုက်နာမှုမှတစ်ဆင့် ကျောင်းစည်းကမ်း၊ ရပ်ရွာစည်းကမ်း၊ နိုင်ငံတော်၏ တရားဥပဒေများကို လေးစားလိုက်နာမှု အလေ့အကျင့်ကောင်းများနှင့် ပေါင်းစည်းပေးခြင်းဖြင့် ကိုယ်ရည်ကိုယ်သွေးမြင့်မားသော နိုင်ငံ့သားကောင်းသမီးမွန်များအဖြစ် ပေါ်ထွန်းလာနိုင်မည်ဖြစ်ကြောင်း။

ဆရာ ဆရာမများအနေဖြင့် မိမိတို့တပည့် ကျောင်းသား ကျောင်းသူများအပါအဝင် မိဘပြည်သူများအား မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်အခြေခံဖြင့် မြန်မာ့အရေးကို နိုင်ငံတကာနှင့် ယှဉ်တွဲရှုမြင်နိုင်သည့် စွမ်းအား၊ ကမ္ဘာ့အရေးကို အမျိုးသားအကျိုးစီးပွားနှင့် ထင်ဟပ်သုံးသပ်နိုင်သည့် စွမ်းအားတို့နှင့်ပြည့်စုံလာစေရန် ပညာပေးစည်းရုံးလေ့ကျင့်ပေးသွားကြရမည် ဖြစ်ကြောင်း။

လမ်းညွှန်မှာကြား

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ခေတ်မီနိုင်ငံတော်တည်ဆောက်ရေးနှင့်ပတ်သက်ပြီး **"အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ထူထောင်ရာတွင် နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ကြရမှာ ဖြစ်ကြောင်း၊ မိမိနိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နေခြင်းမှာ မိမိနိုင်ငံတော်နှင့် နိုင်ငံသားတို့၏ ဂုဏ်သိက္ခာကို မြှင့်တင်နိုင်ခြင်းသာမက နိုင်ငံတော်နှင့် နိုင်ငံသားတို့ကိုပါ လုံခြုံမှုရှိအောင် ကာကွယ်နိုင်စွမ်းရှိသည်ဆိုသည့် အသိတရားနှင့် နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်သွားကြရမှာဖြစ်ကြောင်း"** လမ်းညွှန်မှာကြားခဲ့ကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အနာဂတ်တွင် မယိမ်းမယိုင် ခိုင်ခိုင်မြဲမြဲရှိစေရေးအတွက် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းသည် နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ကြရမည့် အမျိုးသားရေးတာဝန်ဖြစ်သည်ကို တိုင်းရင်းသားပြည်သူများအတွင်း စစ်မှန်စွာသိမြင်ပြီး ယုံကြည်ချက်၊ ခံယူချက်ပြည့်ဝနေစေရန် ဆရာ ဆရာမများအနေဖြင့် ဦးဆောင်စည်းရုံးသွားကြရန် တိုက်တွန်းမှာကြားသည်။

ဆုများချီးမြှင့်

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦး ကိုယ်စား ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်းက သင်တန်းသားစံပြဆုရ မွန်ပြည်နယ် ဘီးလင်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(လေးကေ)မှ အလယ်တန်းပြဆရာ ကသအမှတ်-F-၁၀၄ ဦးစောသူရနှင့် သင်တန်းသူစံပြဆုရ ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ် အခြေခံပညာမူလတန်းကျောင်း(မိုးမညို)မှ မူလတန်းပြဆရာမ ကသအမှတ်-E-၆၀ ဒေါ်ခင်စိုးမိုး တို့အားလည်းကောင်း၊ သင်တန်းသားဖွဲ့လုံ့လဆုရ ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ် အခြေခံပညာအထက်တန်းကျောင်းမှ အလယ်တန်းပြဆရာ ကသအမှတ်-F-၄၉ ဦးအောင်သိန်းကျော်၊ သင်တန်းသူ ဖွဲ့လုံ့လဆု(၁)ရ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ် (၂) အခြေခံပညာမူလတန်းလွန်ကျောင်းမှ အလယ်တန်းပြဆရာမ ကသအမှတ်-A-၁၄၂ ဒေါ်သိန်းသိန်းစိန်နှင့် သင်တန်းသူ ဖွဲ့လုံ့လဆု(၂)ရ ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန ရန်ကင်းပညာရေးကောလိပ်မှ နည်းပြ ကသအမှတ်-C-၉ ဒေါ်ခင်ချိုဝင်းအား လည်းကောင်း၊ စံပြအဆောင်ဆုရ အမျိုးသားတပ်ခွဲ(၅) အဆောင်(၂) သင်တန်းသား ၂၈ ဦးနှင့် အမျိုးသမီးတပ်ခွဲ(၈) အဆောင်(၅) သင်တန်းသူ ၂၈ ဦးတို့အား ဆုများချီးမြှင့်ပြီး တပ်ခွဲအလိုက် သင်တန်းသား သင်တန်းသူ ခေါင်းဆောင်များထံ သင်တန်းဆင်းအောင်လက်မှတ်များကို ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဝမ်ပန်ထပ်ဆင့်လွှင့်စက်ရုံ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်စတင်ထုတ်လွှင့်

နေပြည်တော် ဖေဖော်ဝါရီ ၁၁

ရုပ်မြင်သံကြားတိုးချဲ့ထုတ်လွှင့်ရေး အစီအစဉ်အရ ရှမ်းပြည်နယ် (တောင်ပိုင်း) ဝမ်ပန်ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၇ ရက်တွင် လုပ်ငန်းများပြီးစီးခဲ့သည်။

အဆိုပါစက်ရုံမှ လွှင့်အား(၁၀)ဝပ်၊ လှိုင်းနှုန်း(UHF Channel J-13) ဖြင့် ဖေဖော်ဝါရီ ၈ ရက်မှစ၍ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များကို အရုပ်/အသံ ကြည်လင်ပြတ်သားစွာဖြင့် ထုတ်လွှင့်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဧရာဝတီတိုင်းဒေသကြီး ငရုတ်ကောင်းရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်စတင်ထုတ်လွှင့်

နေပြည်တော် ဖေဖော်ဝါရီ ၁၁

ရုပ်မြင်သံကြားတိုးချဲ့ထုတ်လွှင့်ရေးအစီအစဉ်အရ ဧရာဝတီတိုင်းဒေသကြီး ငရုတ်ကောင်းရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၅ ရက်တွင် လုပ်ငန်းများပြီးစီးခဲ့သည်။

အဆိုပါ စက်ရုံမှ လွှင့်အား(၁၀၀)ဝပ်၊ လှိုင်းနှုန်း (UHF Channel J-16) ဖြင့် ဖေဖော်ဝါရီ ၆ ရက်မှစ၍ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များကို အရုပ်/ အသံ ကြည်လင်ပြတ်သားစွာဖြင့် ထုတ်လွှင့်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၁

မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း ဥက္ကဋ္ဌ ဦးဝင်းသင်က Going Public and Launching Initial Public Offering ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို ဖေဖော်ဝါရီ ၂၇ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့ အမှတ် ၂၉ မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ်ရှိ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ခန်းမဦ့ ကျင်းပမည်ဖြစ်သည်။

စာရင်းသွင်းနိုင်

ဟောပြောပွဲသို့ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်များသည် CPE နာရီအတွက် ထောက်ခံချက်ရရှိမည်ဖြစ်ကြောင်း၊ ဟောပြောပွဲတက်ရောက်ရန်အတွက် ဖေဖော်ဝါရီ ၂၃ ရက်နောက်ဆုံးထား၍ မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များ အသင်းရုံးခန်း အမှတ်(၁/၁၉) သခင်မြပန်းခြံလမ်း စာရင်းစစ်ချုပ်ရုံးသင်တန်းကျောင်း ပထမထပ်သို့ မှတ်ပုံတင်ကြေးပေးသွင်း၍ စာရင်းသွင်းရမည်ဖြစ်ကြောင်း၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်း (ဒုတိယပိုင်း) တက်ရောက်နေဆဲ သင်တန်းသား သင်တန်းသူများအနေဖြင့် ဟောပြောပွဲ တက်ရောက်လိုပါက သတ်မှတ်ရက်မတိုင်မီ စာရင်းပေးသွင်းနိုင်ကြောင်း၊ နယ်မှလာရောက်ရသူများအနေဖြင့် သတ်မှတ်ရက်မတိုင်မီ အသင်းရုံးခန်း ဖုန်း-၂၁၄၆၅၃ သို့ ကြိုတင်ဆက်သွယ်စာရင်းသွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်မှ စာရင်းပေးသွင်းခြင်းကို လက်ခံမည်မဟုတ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုဆောင်းပါး

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုဆောင်းပါး

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုဆောင်းပါး

ယခင်ပင်လုံညီလာခံနှင့် ယနေ့အခြေအနေ

သခင်တင်မြ

၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့သည် (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ဖြစ်သည်။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် မြန်မာပြည် လွတ်လပ်ရေးရရှိရန် တိုင်းရင်းသားလူမျိုးများ စည်းလုံးညီညွတ်ကြရန်လိုသည်ဟု ယုံကြည်ခဲ့ကြသဖြင့် ဗိုလ်ချုပ်အောင်ဆန်းသည် ကချင်တိုင်းရင်းသားခေါင်းဆောင်များ၊ ချင်းတိုင်းရင်းသားခေါင်းဆောင်များ၊ ရှမ်းတိုင်းရင်းသားခေါင်းဆောင်များနှင့်အတူ ပင်လုံမြို့ကလေးတွင် ညီညွတ်ရေးအတွက် သဘောတူလက်မှတ်ထိုးခဲ့ကြပါသည်။ ထိုစဉ်က ဗြိတိသျှနယ်ချဲ့အစိုးရ ရှိနေသေးသည်။ ဗြိတိသျှနယ်ချဲ့အစိုးရသည် တိုင်းရင်းသားလူမျိုးများ စည်းလုံးညီညွတ်ပါက သူတို့သွေးခွဲအုပ်စိုးမှု (Devide and Rule) ကို ဆက်လက်မပြုနိုင်တော့ဟု သိမြင်လာသဖြင့် တိုင်းရင်းသားလူမျိုးများအချင်းချင်း အထင်မှား သွေးကွဲစေရန် ကြားမှ အမျိုးမျိုးသပ်လျှိုသွေးခွဲခဲ့ကြသည်။ ဤအခြေအနေ ကျော်လွှန်နိုင်ရန် မလွယ်သောဖွဲ့ဖြင့် အမျိုးမျိုးကြိုးပမ်းခဲ့ရသည်။

ယနေ့အခြေအနေ

တပ်မတော်သည် တိုင်းရင်းသားလူမျိုးများနှင့်အတူ လက်တွဲပြီး မြန်မာနိုင်ငံကို စည်းလုံးညီညွတ်စွာ တည်ဆောက်နိုင်မှသာ ပြည်သူလူထုကြီးကို ပြည်တွင်းပြည်ပအန္တရာယ်ရန်မှ ကာကွယ်နိုင်မည်ဟု ယုံကြည်လျက်ရှိသည်။

တပ်မတော်အစိုးရသည် ဤယုံကြည်ချက်နှင့် ရည်ရွယ်ချက်တို့ဖြင့် ၂၀၀၈ ခုနှစ် မေလတွင် နာဂစ်မုန်တိုင်းတိုက်ခတ်ခြင်းခံရသဖြင့် မြစ်ဝကျွန်းပေါ်ဒေသရှိ ပြည်သူလူထုကြီး သေကျေဒဏ်ရာရခဲ့ကြပြီး ဒုက္ခပင်လယ်ဖြစ်နေသည်ကို ကယ်ဆယ်ရေးစခန်းဖွင့်၍ ဒဏ်ရာရသူများကို ဆေးကုပေးခဲ့သည်။ အိုးအိမ်များ ပြိုလဲကုန်သဖြင့် အိုးမဲ့၊ အိမ်မဲ့ဒုက္ခသည် ပြည်သူတို့ကို အိုးအိမ်များဆောက်လုပ်ပေးခဲ့သည်။ လယ်မြေများ ဆားငန်ရေကြောင့် ပျက်စီးခဲ့ရသဖြင့် ကျွဲရိုင်းစက် (Botlorsoger) များဖြင့် ပြုပြင်ပေးခဲ့သည်။ မြစ်ဝကျွန်းပေါ်ဒေသ၌ မိုးတွင်းတွင် လှေမရှိပါက တစ်နေရာမှတစ်နေရာသို့ မသွားနိုင် မလာနိုင်သည့်အတွက် လှေများကို ပြုလုပ်ပေးခဲ့သည်။ ထို့အပြင် မုန်တိုင်းဘေးရန်မှကာကွယ်ရန် မုန်တိုင်း ကာကွယ်သည့် အဆောက်အအုံ (Shelter) များကို ဆောက်လုပ်ပေးခဲ့သည်။ တပ်မတော်အစိုးရ၏ ဤကျေးဇူးကို မြန်မာတစ်ပြည်လုံးရှိ ပြည်သူလူထုကြီးသည် ဘယ်အခါမှ မေ့မည်မဟုတ်ပါ။

၂၀၀၈ ခုနှစ် မေလတွင် နာဂစ်မုန်တိုင်းတိုက်ခတ်ခဲ့သည့်ကြားမှ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို မြန်မာပြည်သူလူထုကြီး (တိုင်းရင်းသား လူမျိုးများအပါအဝင်)သည် ၉၂ ရာခိုင်နှုန်းကျော်ဖြင့် အတည်ပြုခဲ့ကြသည်။ ဤသို့ အတည်ပြုခဲ့ပြီး ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလတွင် တပ်မတော်အစိုးရကကြီးမှူး၍ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကိုလည်း ကျင်းပပေးခဲ့ပြီးလေပြီ။ နေပြည်တော်တွင် ကျင်းပခဲ့သည့် ပြည်ထောင်စုလွှတ်တော်က သမ္မတအဖြစ် ဦးသိန်းစိန်၊ ဒုတိယသမ္မတများအဖြစ် သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဒေါက်တာစိုင်းမောက်ခမ်း(ခ) မောင်အုန်းတို့အား ရွေးချယ်တင်မြှောက်ပြီးလေပြီ။

အခြေအနေချင်းမတူတော့ပြီ

မတူတော့သည့် ယနေ့အခြေအနေတွင် ဒေါ်အောင်ဆန်းစုကြည်က ဒုတိယပင်လုံညီလာခံကျင်းပမည်၊ တိုင်းရင်းသားလူမျိုးများ၏ စည်းလုံးညီညွတ်ရေးကို တည်ဆောက်မည်ဟု ကြွေးကြော်နေခြင်းသည် "မရောင်ရာ ဆီလူးသကဲ့သို့"ဖြစ်နေပါသည်။ အောင်မြင်မည်ဟုလည်း ကျွန်တော် မယုံကြည်ပါ။ တပ်မတော်အစိုးရက ဘာလုပ်လုပ် အကောင်းမမြင်ဘဲ အဆိုးဟုသာမြင်ကြသူများတွင် ဒေါ်အောင်ဆန်းစုကြည်လည်း ပါဝင်ပါသည်။

တစ်ခါက ဒေါ်အောင်ဆန်းစုကြည်ကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ရင်းနှီးစွာတွေ့ပြီး "တပ်မတော်က ပြည်သူလူထုကြီး ချမ်းသာကြွယ်ဝရေးအတွက် လမ်း၊ တံတားများနှင့် ဆည်များကို တည်ဆောက်ပေးနေပါတယ်။ ဒီလိုတည်ဆောက်မှုများဟာ ပြည်သူလူထုကြီးအတွက် ကောင်းရင်ကောင်းကြောင်း၊ မကောင်းရင် မကောင်းကြောင်း ဒေါ်စုပြောပါ"ဟု ပြောခဲ့သော်လည်း ဒေါ်အောင်ဆန်းစုကြည်သည် ပြည်မြို့အနီးရှိ နဝင်းဆည်ကိုကြည့်ပြီး ဗိုလ်ချုပ်ကြီးနေဝင်းကို အာဃာတဖြင့် နဝင်းဆည်မကောင်းကြောင်းပြောခဲ့ပါသည်။ **ကျွန်တော်တို့ မြန်မာနိုင်ငံတွင် ဤအာဃာတသည် များစွာဒုက္ခပေးခဲ့ပါသည်။ ဤအာဃာတဖြင့် မြန်မာတိုင်းရင်းသားအချင်းချင်း မညီညွတ်ခဲ့သည့်အတွက် မြန်မာနိုင်ငံ ကျွန်ဘဝရောက်ခဲ့ခြင်းဖြစ်ပါသည်။ ကျွန်ဘဝမှ လွတ်လပ်ရေးရရန် မြန်မာနိုင်ငံသားအားလုံး နှစ်ပေါင်းများစွာ ကြိုးပမ်းခဲ့ကြရပါသည်။**

စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ

ယခင်က တပ်မတော်အစိုးရသည် စစ်အုပ်ချုပ်ရေး (Martial Law) ဥပဒေဖြင့် တိုင်းပြည်ကို အုပ်ချုပ်နေသည်ဆိုသော်လည်း တရားရုံးများ ဖွင့်လှစ်၍ တရားဥပဒေနှင့်အညီ တိုင်းပြည်နှင့် ပြည်သူလူထုကို အုပ်ချုပ်နေခြင်း ဖြစ်ပါသည်။

ယနေ့တပ်မတော်အစိုးရ၏ ကြွေးကြော်သံမှာ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီကို ထူထောင်မည်ဟူ၍ ဖြစ်သည်။ တပ်မတော်အစိုးရက တိုင်းပြည်ကို စည်းကမ်းမရှိ၊ ပရမ်းပတာ အုပ်ချုပ်နေခြင်းမဟုတ်ပါ။ စည်းကမ်းနှင့်အညီ ဒီမိုကရေစီအခွင့်အရေးများကို ပြည်သူလူထု စံစားရမည်ဖြစ်သကဲ့သို့ ပြည်သူလူထုသည် တိုင်းပြည်အတွက် ထမ်းဆောင်ရမည့် တာဝန်များလည်းရှိသည်။ ဒီမိုကရေစီအခွင့်အရေးများကိုသာ ခံစားလိုကြပြီး ထမ်းဆောင်ရမည့်တာဝန်ကို ကျေပွန်စွာ မထမ်းဆောင်ကြသည့်သူများသည် မြန်မာနိုင်ငံတွင် နိုင်ငံသားအဖြစ် မနေထိုက်သူများ ဖြစ်ကြသည်။

ဒေါ်အောင်ဆန်းစုကြည်၏ဖခင် ဗိုလ်ချုပ်အောင်ဆန်းသည် ဗြိတိသျှနယ်ချဲ့အစိုးရ၏အလိုတော်ရိ ဂဠုန်ဦးစောတို့လူစု လုပ်ကြံသတ်ဖြတ်ခံရသဖြင့် ကွယ်လွန်ခဲ့ရရှာပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏လွတ်လပ်ရေးကို သူ့သွေးဖြင့်စက်၍ ရယူပေးခဲ့သည်ဟု ဆိုနိုင်ပါသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် တိုင်းရင်းသားလူမျိုးများ စည်းလုံးညီညွတ်ကြမှသာ မြန်မာနိုင်ငံလွတ်လပ်ရေးရမည်ဟု ယုံကြည်ခဲ့သဖြင့် ၁၉၄၇ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ပင်လုံမြို့ကလေး၌ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များနှင့် သဘောတူလက်မှတ်ထိုး၍ တိုင်းရင်းသားလူမျိုးများ၏ စည်းလုံးညီညွတ်မှု တည်ဆောက်ခဲ့ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် "ကျွန်တော်တို့အားလုံးသည် (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့တွင် တပ်မတော်နှင့်အတူ လက်တွဲပြီး ပြည်ထောင်စုမြန်မာနိုင်ငံကို ကာကွယ်ကြပါစို့"ဟု အမိဋ္ဌာန်ပြုကြရန် ဖြစ်ပါသည်။ ။

တပ်မတော်သည် တိုင်းရင်းသားလူမျိုးများနှင့်အတူ လက်တွဲပြီး မြန်မာနိုင်ငံကို စည်းလုံးညီညွတ်စွာ တည်ဆောက်နိုင်မှသာ ပြည်သူလူထုကြီးကို ပြည်တွင်း ပြည်ပအန္တရာယ်ရန်မှ ကာကွယ်နိုင်မည်ဟု ယုံကြည်လျက်ရှိသည်။

ယနေ့တပ်မတော်အစိုးရ၏ ကြွေးကြော်သံမှာ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီကို ထူထောင်မည်ဟူ၍ ဖြစ်သည်။ တပ်မတော်အစိုးရက တိုင်းပြည်ကို စည်းကမ်းမရှိ၊ ပရမ်းပတာ အုပ်ချုပ်နေခြင်းမဟုတ်ပါ။ စည်းကမ်းနှင့်အညီ ဒီမိုကရေစီအခွင့်အရေးများကို ပြည်သူလူထု စံစားရမည်ဖြစ်သကဲ့သို့ ပြည်သူလူထုသည် တိုင်းပြည်အတွက် ထမ်းဆောင်ရမည့် တာဝန်များလည်းရှိသည်။ ဒီမိုကရေစီအခွင့်အရေးများကိုသာ ခံစားလိုကြပြီး ထမ်းဆောင်ရမည့် တာဝန်ကို ကျေပွန်စွာ မထမ်းဆောင်ကြသည့်သူများသည် မြန်မာနိုင်ငံတွင် နိုင်ငံသားအဖြစ် မနေထိုက်သူများ ဖြစ်ကြသည်။



12-2 (05).pmd 1 2/12/2011, 2:21 AM

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြု ဖွံ့ဖြိုးတိုးတက်မှု (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြု ဖွံ့ဖြိုးတိုးတက်မှု (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြု ဖွံ့ဖြိုးတိုးတက်မှု

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက် ဖွံ့ဖြိုးတိုးတက်လာသော ရှမ်းပြည်နယ်

ခေတ်မီဖွံ့ဖြိုးတိုးတက်စည်ပင် ရှမ်းပြည်နယ်တစ်ခွင်

ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့တွင် တည်ဆောက်ထားသော အမျိုးသမီးနှင့် ကလေးအထူးကုဆေးရုံကြီးကလည်း ဒေသခံတိုင်းရင်းသားများအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည်။

ရှမ်းပြည်နယ်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အရှေ့ပိုင်းတွင်တည်ရှိပြီး စတုရန်းမိုင်ပေါင်း ၆၀၁၅၅ မိုင် ကျယ်ဝန်းသည်။ ရှမ်းတိုင်းရင်းသားများနှင့်အတူ ကချင်၊ ကိုးကန့်၊ တောင်ရိုး၊ ဓနု၊ ပလောင်၊ ပအိုဝ်း ၊ ဗမာ၊ လီဆူး၊ ဝ၊ အာခါနှင့် အင်းသားစသည့် တိုင်းရင်းသားများ အတူတကွ စုပေါင်းနေထိုင်ကြသည်။ ပြည်နယ်တစ်ခုလုံး ကုန်းမြင့်တောင်တန်းပေါ်တွင်တည်ရှိသည်။ အချို့ တောင်တန်းများမှာ ပေ ၇၀၀၀ ကျော်အထိမြင့်သည်။ တောင်တန်းများကြားတွင် ဟဲဟိုး၊ သီပေါ၊ ကျိုင်းတုံစသည့် ချိုင့်ဝှမ်းလွင်ပြင်များရှိ၍ သီးနှံအထွက်နှုန်းကောင်းမွန်သည်။ သံလွင်မြစ်သည် မြောက်မှတောင်သို့ ဖြတ်သန်းစီးဆင်းနေပြီး မြစ်လက်တက်များစွာရှိသည်။

စာမျက်နှာ ၇ သို့

ရှမ်းပြည်နယ် ဖွံ့ဖြိုးတိုးတက်မှုများ

စဉ်	အကြောင်းအရာ	ရေတွက်ပုံ	၁၉၈၈	၂၀၁၀	တိုးတက်မှု
၁	စိုက်ပျိုးမြေဧရိယာ	ဧက	၁၆၁၃၀၀၉	၃၆၂၀၄၂၂	၂၀၀၇၄၁၃
၂	ဆည်တမံ (အကြီး/အသေး)	ခု	၃၈၃	၈၁၇	၄၃၄
၃	မြစ်ရေတင်လုပ်ငန်း	ခု	-	၆	၆
၄	ကြိုးဝိုင်းတော	စတုရန်းမိုင်	၂၁၉၃	၉၂၈၃	၇၀၉၀
၅	ကြိုးပြင်ကာကွယ်တော	စတုရန်းမိုင်	-	၆၀၂	၆၀၂
၆	ရထားလမ်း	မိုင်	၁၈၀	၄၉၆	၃၁၆
၇	ကားလမ်း	မိုင်	၃၅၉၇	၈၆၉၈	၅၁၀၁
၈	ပေ ၅၀၀၀ အထက် လေယာဉ်ပြေးလမ်း	လမ်း	-	၃	အဆင့်မြှင့်တင်
၉	ပေ(၁၈၀)အထက်တံတား	စင်း	၂၄	၄၈	၂၄
၁၀	စာတိုက်စခန်း	ခု	၈၈	၁၆၅	၇၇
၁၁	ကြေးနန်းရုံး	ရုံး	၃၁	၉၁	၆၀
၁၂	တယ်လီဖုန်းရုံး	ရုံး	၂၇	၁၆၃	၁၃၆
၁၃	မိုက္ကရိုဝေ့ဗ်စခန်း	ခု	-	၅၅	၅၅
၁၄	ရေအားလျှပ်စစ်စက်ရုံ	ရုံ	၂	၁၅	၁၃
၁၅	နိုင်ငံပိုင်စက်ရုံ	ရုံ	-	၂	၂
၁၆	ပုဂ္ဂလိကပိုင်စက်ရုံ	ရုံ	၈၄၆	၃၅၅၀	၂၇၀၄
၁၇	အခြေခံပညာကျောင်း	ကျောင်း	၃၆၅၂	၄၇၂၈	၁၀၇၆
၁၈	တက္ကသိုလ်၊ ကောလိပ်	ခု	၂	၅	၃
၁၉	နည်းပညာတက္ကသိုလ်၊ ကောလိပ်	ခု	-	၄	၄
၂၀	ကွန်ပျူတာတက္ကသိုလ်	ခု	-	၄	၄
၂၁	ဆေးရုံများ	ရုံ	၈၆	၁၄၅	၅၉

ရှေ့လီတံတား (နမ့်ခမ်း)ကို ဤသို့ တွေ့ရသည်။

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြု ဖွံ့ဖြိုးတိုးတက်မှု

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြု ဖွံ့ဖြိုးတိုးတက်မှု

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြု ဖွံ့ဖြိုးတိုးတက်မှု

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် နည်းပညာတက္ကသိုလ် (ကျိုင်းတုံ)ကို တည်ဆောက်ပေးနိုင်ခဲ့သဖြင့် ဒေသခံတိုင်းရင်းသား ရင်သွေးငယ်များ ခေတ်မီပညာရပ်များကို လက်လှမ်းတမီ သင်ကြားတတ်မြောက်နိုင်ကြပေပြီ။

စာမျက်နှာ ၆ မှ

နိုင်ငံတော်အစိုးရသည် နိုင်ငံ့တာဝန်ယူနေရသည့် ကာလအတွင်း အေးအေးချမ်းချမ်း ညီညီညွတ်ညွတ်ဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်ပေါ်လာအောင် တိုင်းရင်းသားများအားလုံး ပူးပေါင်းပါဝင်တည်ဆောက်ကြရမည်ဟူသည့် စိတ်ရင်းစေတနာမှန်ဖြင့် တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို မဏ္ဍိုင်ပြုကာ ရှမ်းပြည်နယ်အပါအဝင် ဒေသအသီးသီး၌ ဖွံ့ဖြိုးတိုးတက်ရေးအခြေခံအဆောက်အအုံများကို အချိုးညီစွာဖြန့်ကြက်တည်ဆောက်ပေးခဲ့သည်။

နိုင်ငံအတွင်း ရာစုနှစ်တစ်ဝက်နီးပါးမျှ ခံစားခဲ့ရသည့် တည်ငြိမ်အေးချမ်းမှုမရှိသော လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းအောင် စိတ်ရှည်၊ သည်းခံ၊ စေတနာမှန်ဖြင့် ဆောင်ရွက်ပေးခဲ့သောကြောင့် ကိုလိုနီနယ်ချဲ့တို့၏ သွေးခွဲမှုပယောဂ အမှောင်ကိုခွင်း၍ ငြိမ်းချမ်းမှုအလင်းကို ဆောင်ပေးနိုင်ခဲ့သည်။ ငြိမ်းချမ်းမှုနှင့်အတူ ဖွံ့ဖြိုးတိုးတက်မှုများလည်း လိုက်ပါဖြစ်ထွန်းလျက်ရှိရာ မြို့ကြီးပြကြီးများနှင့်မခြား ပေါ်လွင်ထင်ရှားစွာ တိုးတက်လာသည်။ ယခင်က ကျီးလန့်စာစား နေခဲ့ရသည့်ဘဝမှ ရှမ်းပြည်နယ်တစ်ခွင်တွင် ငြိမ်းချမ်းခြင်း၊ ဖွံ့ဖြိုးတိုးတက်စည်ပင်ခြင်းများသည် ယခင်နှင့်မတူ တစ်မူထူးခြားစွာ တိုးတက်ဖြစ်ထွန်းပြောင်းလဲလာသည်။

ပြည်ထောင်စုကြီးအတွင်းရှိ အခြားပြည်နယ်နှင့်တိုင်းဒေသကြီးများနည်းတူ ရှမ်းပြည်နယ်၏ အကျိုးကို စွမ်းစွမ်းတမံ သယ်ပိုးမြှင့်တင်ပေးလျက်ရှိသော နိုင်ငံတော်အစိုးရ၏ စေတနာပမာဏသည် အတိုင်းအဆမရှိကြီးမားကျယ်ပြန့်လှသည်ကို ရှမ်းပြည်နယ်တစ်ခွင် ဖွံ့ဖြိုးတိုးတက်စည်ပင်မှုများက ထူးခြားစွာပြသလျက်ရှိသည်။ ။

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ်တွင် တည်ဆောက်ထားသည့် ဟူးမွန်ရေလှောင်တမံမှ ဒေသခံတောင်သူများ ရာသီမရွေး စိုက်ပျိုးဖြစ်ထွန်းရန် ရေပေးဝေလျက်ရှိသည်။

ရှမ်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ဆောက်ဆဲ/တည်ဆောက်မည့်စီမံကိန်းများ

စဉ်	အကြောင်းအရာ	တည်နေရာ	မှတ်ချက်
၁	မြို့ကြီးရေလှောင်တမံစီမံကိန်း(ဆောင်ရွက်ဆဲ)	ရွာငံမြို့နယ်	အကျိုးပြုဧက ၃၀၀၀၀
၂	မလန်းခမ်းဆည်(ဆောင်ရွက်ဆဲ)	နမ့်စန်မြို့နယ်	အကျိုးပြုဧက ၁၅၀၀
၃	ကျိုင်းခမ်း ရေလှောင်တမံ	ရပ်စောက်မြို့နယ်	
၄	နမ့်ပါပေါင်း ရေလှောင်တမံ	ရပ်စောက်မြို့နယ်	
၅	နမ့်လှရေလွှဲဆည်(ဆောင်ရွက်ဆဲ)	မောက်မယ်မြို့နယ်	အကျိုးပြုဧက ၄၇၀
၆	ထီဗွာရေလှောင်တမံ	တောင်ကြီးမြို့နယ်	ဧက၇၀၀(တည်ဆောက်မည်)
၇	ပင်းတောက်ရေလှောင်တမံ	ကျိုင်းတုံမြို့နယ်	အကျိုးပြုဧက ၂၀၀
၈	နမ့်ကျန် ရေလှောင်တမံ	လားရှိုးမြို့နယ်	အကျိုးပြုဧက ၁၇၉ ဧက
၉	နမ့်မျှင်ရေလွှဲဆည်	သိန္နီမြို့နယ်	အကျိုးပြုဧက ၂၅၀၀
၁၀	တာဆန်းရေအားလျှပ်စစ်စီမံကိန်း	မိုင်းပန်မြို့နယ်	မဂ္ဂါဝပ် ၇၁၁၀
၁၁	အထက်ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်း	လင်းခေးခရိုင်	၄၁ မဂ္ဂါဝပ်
၁၂	ရွှေလီ(၃) ရေအားလျှပ်စစ်	မိုးမိတ်မြို့နယ်	မဂ္ဂါဝပ် ၁၀၅၀
၁၃	အထက်ရဲရွာရေအားလျှပ်စစ်	ကျောက်မဲမြို့နယ်	မဂ္ဂါဝပ် ၂၈၀
၁၄	အထက်သံလွင်ရေအားလျှပ်စစ်	ကွမ်းလုံမြို့နယ်	မဂ္ဂါဝပ် ၁၄၀၀
၁၅	နမ့်စန်-ကျိုင်းတုံ ရထားလမ်း	ကျိုင်းတုံမြို့နယ်	၁၉၈ မိုင်
၁၆	သီပေါ-လဲချား-နမ့်စန်	ရှမ်းပြည်နယ်	၁၅၆ မိုင်
၁၇	မိုးနဲ-ကျိုင်းတုံမီးရထားလမ်း	ရှမ်းပြည်နယ်	၂၂၆ မိုင်
၁၈	မိုးနဲ-တာဆန်းလမ်းပိုင်း	(အရှေ့ပိုင်း)	၆၇ မိုင်
၁၉	တာဆန်း-မိုင်းဆတ်လမ်းပိုင်း	॥	၇၂ မိုင်
၂၀	မိုင်းဆတ်-ကျိုင်းတုံလမ်းပိုင်း	॥	၈၇ မိုင်
၂၁	ဘူတာပေါင်း	॥	၁၈ ခု
၂၂	ပေ(၄၀)အောက်တံတား	॥	၄၄၅ စင်း
၂၃	ပေ(၄၀)နှင့် ပေ(၁၈၀)ကြားတံတား	॥	၁၀ စင်း
၂၄	ပေ(၁၈၀)အထက်တံတား	॥	ခြောက်စင်း
	CDMA/GSM တယ်လီဖုန်း	တောင်ကြီး၊ နမ့်စန်၊ လားရှိုး၊ မူဆယ်	
	CDMA တယ်လီဖုန်း	မိုင်းခတ်၊ မိုင်းယန်း မိုင်းဆတ်၊ မိုင်းတုံ	

မြဝတီရုပ်မြင်သံကြား

၁၂-၂-၂၀၁၁ (စနေ့နေ)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၄ ၃။ နိုင်ငံတော်သီချင်း
၇း၀၅ ၄။ တရားတော်
၇း၂၀ ၅။ ဓမ္မပူဇာတေး
၇း၂၅ ၆။ မျိုးချစ်တပ်မတော်
၇း၃၀ ၇။ မြန်မာ့ရှုခင်း
၇း၄၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
၇း၅၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ မြဝတီအဖွင့်
၁၁း၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၁၁း၁၀ ၃။ နိုင်ငံတော်သီချင်း
၁၁း၂၀ ၄။ အဖွင့်သီချင်း
၁၁း၂၅ ၅။ မျိုးချစ်တပ်မတော်
၁၁း၃၀ ၆။ ကာတွန်းအစီအစဉ် **ချစ်မိတ်ဆွေဗလကြီး** (အပိုင်း-၂၉)
၁၂း၀၀ ၇။ ရုပ်မြင်သံကြားဇာတ်လမ်း အခန်း(၁၃) **ရွှေနဂါးဟိုတယ်** ပြေတီဦး၊ နဝရတ် (ဒါရိုက်တာ-ဒီအေးလွင်)
၁၃း၃၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၁၄း၀၀ ၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်မျက်ရည်လေးပြယ်ပါစေ** (အပိုင်း-၄၀)

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄း၁၀ ၃။ နိုင်ငံတော်သီချင်း
၄း၁၃ ၄။ အဖွင့်သီချင်း
၄း၁၅ ၅။ မျိုးချစ်တပ်မတော်
၄း၂၀ ၆။ အမျိုးသားရေးတေးကဗျာ
၄း၂၅ ၇။ ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၃၀ ၈။ ကုန်သွယ်သုတ
၄း၅၀ ၉။ သတိနှင့်တိုးမည့် မိုးဖလံများ
၄း၅၅ ၁၀။ ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု သင်ခန်းစာ(အင်္ဂလိပ်စာ)
၅း၁၀ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၁၂။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၆း၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀ ၁၄။ အမျိုးသားရေးတေးကဗျာ
၆း၃၀ ၁၅။ စားဖိုဆောင်ချစ်သူ
၆း၅၀ ၁၆။ ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား
၇း၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြယ်စင်ညီအစ်မများ** (အပိုင်း-၅၆)
၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ နိုင်ငံတကာသတင်း
၂၁။ မိုးလေဝသသတင်း
၂၂။ လူရွှင်တော်စကား
၂၃။ အင်္ဂလိပ်စာသုတ
၂၄။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၅။ (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြု အငြိမ့်ဖျော်ဖြေမှု **မြဝတီအငြိမ့်**
၂၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အိမ်အပြန်လမ်း** (အပိုင်း-၂၇)

ပထမအကြိမ် တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးများ ဒုတိယနေ့ကျင်းပ

သက်ဆိုင်ရာ တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်အသီးသီး၌ ဝန်ကြီးချုပ်၊ ဝန်ကြီးဌာနအရေအတွက်၊ ဝန်ကြီးဦးရေနှင့် တရားလွှတ်တော် တရားသူကြီးဦးရေ သတ်မှတ်ရေး အဆုံးအဖြတ်ရယူ

နေပြည်တော် ဖေဖော်ဝါရီ ၁၁

ပထမအကြိမ် တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးများကို ဒုတိယနေ့အဖြစ် ယနေ့နံနက် ၁၀ နာရီတွင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ တစ်ပြိုင်တည်းကျင်းပကြသည်။

ပထမအကြိမ် မကွေးတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေး ဒုတိယနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

အဆိုပါ အစည်းအဝေးများတွင် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူက အဆိုပြုသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဝန်ကြီးဌာနအရေအတွက်၊ ဝန်ကြီးဦးရေ၊ တရားလွှတ်တော် တရားသူကြီးဦးရေနှင့် ဝန်ကြီးချုပ် အမည်စာရင်းတို့ကို သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များ၏ သဘောတူညီချက်များဖြင့် အသီးသီး အတည်ပြုကြေညာခဲ့ကြကြောင်း သိရှိရသည်။

ကချင်ပြည်နယ်

ကချင်ပြည်နယ် လွှတ်တော်အစည်းအဝေးတွင် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုသည့် ဝန်ကြီးဌာန (၉)ဌာနနှင့် ဝန်ကြီး (၉)ဦး၊ တရားလွှတ်တော် တရားသူကြီး (၃)ဦး သတ်မှတ်နိုင်ရေးအတွက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးရားဝမ်ဂျုံက တင်ပြရာ တက်ရောက်လာကြသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၅၁)ဦးက တညီတညွတ်တည်း ထောက်ခံ အတည်ပြုခဲ့ကြသည်။ အတည်ပြုသည့် ဝန်ကြီးဌာန (၉)ဌာနမှာ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ စီးပွားရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ စည်ပင်သာယာရေးဝန်ကြီးဌာန၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန၊ စက်မှုလက်မှုဝန်ကြီးဌာန၊ ပညာရေးနှင့် ကျန်းမာရေးဝန်ကြီးဌာနနှင့် လူမှုရေး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့ ဖြစ်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုသည့် တနိုင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလဂျွန်ငန်ဆိုင်းအား ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန် လွှတ်တော်ဥက္ကဋ္ဌက တင်ပြရာ ကန့်ကွက်ချက် တစ်စုံတစ်ရာ မရှိသည့်အတွက် ပြည်နယ်လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ထို့နောက် ပထမအကြိမ် ကချင်ပြည်နယ် လွှတ်တော်ပုံမှန်အစည်းအဝေး ဒုတိယနေ့အစည်းအဝေးကို နံနက် ၁၀ နာရီ ၁၈ မိနစ်တွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

ကယားပြည်နယ်

ကယားပြည်နယ် လွှတ်တော်အစည်းအဝေးတွင် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုသည့် ဝန်ကြီးဌာန (၉)ဌာနနှင့် ဝန်ကြီး (၉)ဦး၊ တရားလွှတ်တော် တရားသူကြီး (၃)ဦး သတ်မှတ်နိုင်ရေးအတွက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးကျော်ဆွေက တင်ပြရာ တက်ရောက်လာကြသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၂၀)ဦးစလုံးက တညီတညွတ်တည်း ထောက်ခံ အတည်ပြုခဲ့ကြသည်။ အတည်ပြုသည့် ဝန်ကြီးဌာန (၉)ဌာနမှာ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ စီမံ/စီးပွားဝန်ကြီးဌာန၊ ဘဏ္ဍာအခွန်ဝန်ကြီးဌာန၊ စီးပွားရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လူမှုရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ပြန်ကြားရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့ ဖြစ်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုသည့် ဘောလခဲမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးခင်မောင်ဦး (ခေါ်) ဦးဘူးရယ်အား ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန် လွှတ်တော်ဥက္ကဋ္ဌက တင်ပြရာ ကန့်ကွက်ချက် တစ်စုံတစ်ရာ မရှိသည့်အတွက် ပြည်နယ်လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ထို့နောက် ပထမအကြိမ် ကယားပြည်နယ် လွှတ်တော်ပုံမှန်အစည်းအဝေး ဒုတိယနေ့အစည်းအဝေးကို နံနက် ၁၀ နာရီ ၃၅ မိနစ်တွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

ကရင်ပြည်နယ်

ကရင်ပြည်နယ် လွှတ်တော်အစည်းအဝေးတွင် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုသည့် ဝန်ကြီးဌာန (၉)ဌာနနှင့် ဝန်ကြီး (၉)ဦး၊ တရားလွှတ်တော် တရားသူကြီး (၃)ဦး သတ်မှတ်နိုင်ရေးအတွက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောအောင်ကျော်မင်းက တင်ပြရာ တက်ရောက်လာကြသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၂၃)ဦးစလုံးက တညီတညွတ်တည်း ထောက်ခံ အတည်ပြုခဲ့ကြသည်။ အတည်ပြုသည့် ဝန်ကြီးဌာန (၉)ဌာနမှာ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ စီးပွားရေးဝန်ကြီးဌာန၊ ပို့ဆောင်/လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ လူမှုရေး၊ ပညာရေးနှင့် ကျန်းမာရေးဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန၊ စက်မှု/ဆက်သွယ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာနနှင့် သစ်တောဝန်ကြီးဌာနတို့ ဖြစ်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုသည့် တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်ဇော်မင်းအား ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန် လွှတ်တော်ဥက္ကဋ္ဌက တင်ပြရာ ကန့်ကွက်ချက် တစ်စုံတစ်ရာ မရှိသည့်အတွက် ပြည်နယ်လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ထို့နောက် ပထမအကြိမ် ကရင်ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေး ဒုတိယနေ့အစည်းအဝေးကို နံနက် ၁၀ နာရီ ၁၂ မိနစ်တွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

ချင်းပြည်နယ်

ချင်းပြည်နယ် လွှတ်တော်အစည်းအဝေးတွင် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုသည့် ဝန်ကြီးဌာန (၉)ဌာနနှင့် ဝန်ကြီး (၉)ဦး၊ တရားလွှတ်တော် တရားသူကြီး (၂)ဦး သတ်မှတ်နိုင်ရေးအတွက် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးဟောက်ခင်ခမ်းက တင်ပြရာ တက်ရောက်လာကြသည့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် (၂၄)ဦးစလုံးက တညီတညွတ်တည်း ထောက်ခံ အတည်ပြုခဲ့ကြသည်။ အတည်ပြုသည့် ဝန်ကြီးဌာန (၉)ဌာနမှာ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့် စီမံကိန်းဝန်ကြီးဌာန၊ စီးပွားရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန၊ စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောဝန်ကြီးဌာန၊ စက်မှုလက်မှုဝန်ကြီးဌာန၊ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လူမှုရေးဝန်ကြီးဌာနနှင့် စီမံခန့်ခွဲရေးဝန်ကြီးဌာနတို့ ဖြစ်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုသည့် မင်းတပ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးဟုန်းငိုင်းအား ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန် လွှတ်တော်ဥက္ကဋ္ဌက တင်ပြရာ ကန့်ကွက်ချက် တစ်စုံတစ်ရာ မရှိသည့်အတွက် ပြည်နယ်လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ထို့နောက် ပထမအကြိမ် ချင်းပြည်နယ် လွှတ်တော်ပုံမှန်အစည်းအဝေး ဒုတိယနေ့အစည်းအဝေးကို နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး

စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် အစည်းအဝေးတွင် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုသည့် ဝန်ကြီးဌာန (၉)ဌာနနှင့် ဝန်ကြီး (၉)ဦး၊ တရားလွှတ်တော် တရားသူကြီး (၃)ဦး သတ်မှတ်နိုင်ရေးအတွက် တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးသင်းလှိုင်ကတင်ပြရာ တက်ရောက်လာကြသည့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် (၁၀၁)ဦး စလုံးက တညီတညွတ်တည်း ထောက်ခံ အတည်ပြုခဲ့ကြသည်။ အတည်ပြုသည့် ဝန်ကြီးဌာန (၉)ဌာန မှာ လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန၊ သစ်တောရေးရာဝန်ကြီးဌာန၊ ကုန်သွယ်ရေးနှင့် သမဝါယမဝန်ကြီးဌာန၊ စွမ်းအင်/သတ္တု/စက်မှုဝန်ကြီးဌာန၊ ဆက်သွယ်ရေး/ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် လူမှုရေးဝန်ကြီးဌာနတို့ ဖြစ်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုသည့် ဘုတလင်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးသာအေးအား တိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန် လွှတ်တော်ဥက္ကဋ္ဌက တင်ပြရာ ကန့်ကွက်ချက် တစ်စုံတစ်ရာ မရှိသည့်အတွက် တိုင်းဒေသကြီးလွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ထို့နောက် ပထမအကြိမ် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် ပုံမှန်အစည်းအဝေး ဒုတိယနေ့

အစည်းအဝေးကို နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

တနင်္သာရီတိုင်းဒေသကြီး

တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးတွင် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုသည့် ဝန်ကြီးဌာန (၉)ဌာနနှင့် ဝန်ကြီး (၉)ဦး၊ တရားလွှတ်တော် တရားသူကြီး (၃)ဦး သတ်မှတ်နိုင်ရေးအတွက် တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးထင်အောင်ကျော်က တင်ပြရာ တက်ရောက်လာကြသည့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် (၂၈)ဦးစလုံးက တညီတညွတ်တည်း ထောက်ခံ အတည်ပြုခဲ့ကြသည်။ အတည်ပြုသည့် ဝန်ကြီးဌာန (၉)ဌာနမှာ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ စီးပွားရေးဝန်ကြီးဌာန၊ လယ်ယာ/ သစ်တောဝန်ကြီးဌာန၊ သားငါး/စွမ်းအင်ဝန်ကြီးဌာန၊ စက်မှု/သတ္တုဝန်ကြီးဌာန၊ ဆောက်လုပ်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပညာရေးနှင့် ကျန်းမာရေးဝန်ကြီးဌာန၊ လူမှု/ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့ ဖြစ်ကြသည်။

တင်ပြ

ဆက်လက်၍ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုသည့် မြိတ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးခင်ဇော်အား တိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန် လွှတ်တော်ဥက္ကဋ္ဌက တင်ပြရာ ကန့်ကွက်ချက် တစ်စုံတစ်ရာ မရှိသည့်အတွက် တိုင်းဒေသကြီး လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ထို့နောက် ပထမအကြိမ် တနင်္သာရီတိုင်းဒေသကြီး လွှတ်တော် ပုံမှန်အစည်းအဝေး ဒုတိယနေ့ အစည်းအဝေးကို နံနက် ၁၀နာရီ ၃၅မိနစ်တွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

ပဲခူးတိုင်းဒေသကြီး

ပဲခူးတိုင်းဒေသကြီး လွှတ်တော် အစည်းအဝေးတွင် နိုင်ငံတော် သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုသည့် ဝန်ကြီးဌာန (၉)ဌာနနှင့် ဝန်ကြီး (၉)ဦး၊ တရားလွှတ်တော် တရားသူကြီး (၃)ဦး သတ်မှတ်နိုင်ရေးအတွက် တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းတင်ကတင်ပြရာ တက်ရောက်လာကြသည့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် (၇၆)ဦး စလုံးက တညီတညွတ်တည်း ထောက်ခံ အတည်ပြုခဲ့ကြသည်။ အတည်ပြုသည့် ဝန်ကြီးဌာန (၉)ဌာနမှာ လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့် စီမံကိန်းဝန်ကြီးဌာန၊ လူမှုရေးဝန်ကြီးဌာန၊ စီးပွားရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေး/ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန၊ စွမ်းအင်/လျှပ်စစ်/သတ္တု/ သစ်တောဝန်ကြီးဌာနနှင့်

ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေး ဒုတိယနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

ပထမအကြိမ် ကယားပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေး ဒုတိယနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

ဌာန၊ ဆောက်လုပ်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပညာရေးနှင့် ကျန်းမာရေးဝန်ကြီးဌာန၊ လူမှု/ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့ ဖြစ်ကြသည်။

တင်ပြ

ဆက်လက်၍ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုသည့် မြိတ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးခင်ဇော်အား တိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန် လွှတ်တော်ဥက္ကဋ္ဌက တင်ပြရာ ကန့်ကွက်ချက် တစ်စုံတစ်ရာ မရှိသည့်အတွက် တိုင်းဒေသကြီးလွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ထို့နောက် ပထမအကြိမ် တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်ပုံမှန်အစည်းအဝေး ဒုတိယနေ့အစည်းအဝေးကို နံနက် ၁၀နာရီ ၃၅မိနစ်တွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

စက်မှု/လက်မှု ဝန်ကြီးဌာနတို့ ဖြစ်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုသည့် ဇီးကုန်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးဉာဏ်ဝင်းအား တိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန် လွှတ်တော်ဥက္ကဋ္ဌက တင်ပြရာ ကန့်ကွက်ချက် တစ်စုံတစ်ရာ မရှိသည့်အတွက် တိုင်းဒေသကြီးလွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ထို့နောက် ပထမအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ပုံမှန်အစည်းအဝေး ဒုတိယနေ့အစည်းအဝေးကို မွန်းလွဲ ၁၂ နာရီခွဲတွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

မကွေးတိုင်းဒေသကြီး

မကွေးတိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးတွင် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုသည့် ဝန်ကြီးဌာန (၉)ဌာနနှင့် ဝန်ကြီး (၉)ဦး၊ အတည်ပြုသည့် ဝန်ကြီးဌာန (၉)ဌာနမှာ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် ကျန်းမာရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လယ်ယာ/သစ်တောဝန်ကြီးဌာန၊ စီမံ/ဘဏ္ဍာဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီးပွားရေးဝန်ကြီးဌာန၊ စက်မှု/သတ္တုဝန်ကြီးဌာနနှင့် လျှပ်စစ်ဝန်ကြီးဌာနတို့ ဖြစ်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုသည့် မင်းဘူးမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးဘုန်းမော်ရွှေအား တိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန် လွှတ်တော်ဥက္ကဋ္ဌက တင်ပြရာ ကန့်ကွက်ချက် တစ်စုံတစ်ရာ မရှိသည့်အတွက် တိုင်းဒေသကြီးလွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ထို့နောက် ပထမအကြိမ် မကွေးတိုင်းဒေသကြီး လွှတ်တော်ပုံမှန်အစည်းအဝေး ဒုတိယနေ့အစည်းအဝေးကို နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

ခံထားရသူက အဆိုပြုသည့် ဝန်ကြီးဌာန (၉)ဌာနနှင့် ဝန်ကြီး (၉)ဦး၊ တရားလွှတ်တော် တရားသူကြီး (၆)ဦး သတ်မှတ်နိုင်ရေးအတွက် တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမောင်က တင်ပြရာ တက်ရောက်လာကြသည့် တိုင်းဒေသကြီး

ပေးအပ်ရန် လွှတ်တော်ဥက္ကဋ္ဌက တင်ပြရာ ကန့်ကွက်ချက် တစ်စုံတစ်ရာ မရှိသည့်အတွက် တိုင်းဒေသကြီးလွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ထို့နောက် ပထမအကြိမ် မန္တလေးတိုင်းဒေသကြီး လွှတ်တော်

သာသနာရေးနှင့် အလုပ်သမားဝန်ကြီးဌာန၊ စွမ်းအင်နှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် လူမှုရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့ ဖြစ်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုသည့် မုဒုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးအုန်းမြင့်အား ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန် လွှတ်တော်ဥက္ကဋ္ဌက တင်ပြရာ ကန့်ကွက်ချက် တစ်စုံတစ်ရာ မရှိသည့်အတွက် ပြည်နယ်လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ထို့နောက် ပထမအကြိမ် မွန်ပြည်နယ် လွှတ်တော်ပုံမှန်အစည်းအဝေး ဒုတိယနေ့အစည်းအဝေးကို နံနက် ၁၀နာရီ မိနစ် ၂၀ တွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

သည့်အတွက် ပြည်နယ်လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ထို့နောက် ပထမအကြိမ် ရခိုင်ပြည်နယ် လွှတ်တော်ပုံမှန်အစည်းအဝေး ဒုတိယနေ့အစည်းအဝေးကို နံနက် ၁၀ နာရီ ၂၅ မိနစ်တွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

ရန်ကုန်တိုင်းဒေသကြီး

ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးတွင် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုသည့် ဝန်ကြီးဌာန (၉)ဌာနနှင့် ဝန်ကြီး (၉)ဦး၊ တရားလွှတ်တော် တရားသူကြီး (၆)ဦး သတ်မှတ်နိုင်ရေးအတွက် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းက တင်ပြရာ တက်ရောက်လာကြသည့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်

ပထမအကြိမ် ကရင်ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေး ဒုတိယနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

ပထမအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေး ဒုတိယနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

ပဲခူးတိုင်းဒေသကြီး

ပဲခူးတိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးတွင် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုသည့် ဝန်ကြီးဌာန (၉)ဌာနနှင့် ဝန်ကြီး (၉)ဦး၊ တရားလွှတ်တော် တရားသူကြီး (၃)ဦး သတ်မှတ်နိုင်ရေးအတွက် တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းတင်ကတင်ပြရာ တက်ရောက်လာကြသည့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် (၇၆)ဦး စလုံးက တညီတညွတ်တည်း ထောက်ခံ အတည်ပြုခဲ့ကြသည်။ အတည်ပြုသည့် ဝန်ကြီးဌာန (၉)ဌာနမှာ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့် စီမံကိန်းဝန်ကြီးဌာန၊ လူမှုရေးဝန်ကြီးဌာန၊ စီးပွားရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေး/ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန၊ စွမ်းအင်/လျှပ်စစ်/သတ္တု/ သစ်တောဝန်ကြီးဌာနနှင့်

တရားလွှတ်တော် တရားသူကြီး (၃)ဦး သတ်မှတ်နိုင်ရေးအတွက် တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးရဲမြင့်က တင်ပြရာ တက်ရောက်လာကြသည့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် (၆၈)ဦး စလုံးက တညီတညွတ်တည်း ထောက်ခံ အတည်ပြုခဲ့ကြသည်။

အဝေးကို နံနက် ၁၀နာရီ ၁၅ မိနစ်တွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

မန္တလေးတိုင်းဒေသကြီး

မန္တလေးတိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးတွင် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်

ပထမအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေး ဒုတိယနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

လွှတ်တော်ကိုယ်စားလှယ် (၇၆)ဦး စလုံးက တညီတညွတ်တည်း ထောက်ခံ အတည်ပြုခဲ့ကြသည်။ အတည်ပြုသည့် ဝန်ကြီးဌာန (၉)ဌာနမှာ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ စီးပွား/ကုန်သွယ်/စီမံ/ဘဏ္ဍာ/ သမဝါယမဝန်ကြီးဌာန၊ လယ်/ဆည်/သားငါး/သစ်တောဝန်ကြီးဌာန၊ ပညာရေး၊ ကျန်းမာရေး၊ သိပ္ပံနှင့် အားကစားဝန်ကြီးဌာန၊ မြို့တော်ဝန်နှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေး/ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လူမှုရေးနှင့် ပြန်ကြားရေး/ယဉ်ကျေးမှုနှင့် သာသနာရေးဝန်ကြီးဌာန၊ စက်မှု၊ စွမ်းအင်နှင့် သတ္တုဝန်ကြီးဌာနနှင့် အလုပ်သမား၊ ဟိုတယ်/ခရီးနှင့် လူမှုဝန်ထမ်းရေးရာဝန်ကြီးဌာနတို့ ဖြစ်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုသည့် ပြင်ဦးလွင်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးရဲမြင့်အား တိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်

ပုံမှန်အစည်းအဝေး ဒုတိယနေ့အစည်းအဝေးကို နံနက် ၁၀ နာရီ ၂၅ မိနစ်တွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

မွန်ပြည်နယ်

မွန်ပြည်နယ် လွှတ်တော်အစည်းအဝေးတွင် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုသည့် ဝန်ကြီးဌာန (၉)ဌာနနှင့် ဝန်ကြီး (၉)ဦး၊ တရားလွှတ်တော်တရားသူကြီး (၃)ဦး သတ်မှတ်နိုင်ရေးအတွက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးကျင်ဖေက တင်ပြရာ တက်ရောက်လာကြသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၃၁)ဦးစလုံးက တညီတညွတ်တည်း ထောက်ခံ အတည်ပြုခဲ့ကြသည်။ အတည်ပြုသည့် ဝန်ကြီးဌာန (၉)ဌာနမှာ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ စီးပွားရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ ပညာရေးနှင့် ကျန်းမာရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန၊ သစ်တောဝန်ကြီးဌာန၊

ရခိုင်ပြည်နယ်

ရခိုင်ပြည်နယ် လွှတ်တော်အစည်းအဝေးတွင် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုသည့် ဝန်ကြီးဌာန (၉)ဌာနနှင့် ဝန်ကြီး (၉)ဦး၊ တရားလွှတ်တော် တရားသူကြီး (၃)ဦး သတ်မှတ်နိုင်ရေးအတွက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထိန်လင်းက တင်ပြရာ တက်ရောက်လာကြသည့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် (၄၇)ဦးစလုံးက တညီတညွတ်တည်း ထောက်ခံ အတည်ပြုခဲ့ကြသည်။ အတည်ပြုသည့် ဝန်ကြီးဌာန (၉)ဌာနမှာ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ လယ်ယာ/သစ်တော/ ဆည်မြောင်းဝန်ကြီးဌာန၊ ကျန်းမာရေး/ပညာရေးဝန်ကြီးဌာန၊ စီးပွားရေးဝန်ကြီးဌာန၊ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန၊ စက်မှု/အလုပ်သမား/အားကစားဝန်ကြီးဌာန၊ သားငါး၊ သတ္တုနှင့် စွမ်းအင်ဝန်ကြီးဌာန၊ ယဉ်ကျေးမှု/ လူမှုကယ်ဆယ်ရေးဝန်ကြီးဌာနနှင့် သာသနာရေးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာနတို့ ဖြစ်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုသည့် အမ်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးလှမောင်တင်အား ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန် လွှတ်တော်ဥက္ကဋ္ဌက တင်ပြရာ ကန့်ကွက်ချက် တစ်စုံတစ်ရာ မရှိ

(၁၂၃)ဦးစလုံးက တညီတညွတ်တည်း ထောက်ခံ အတည်ပြုခဲ့ကြသည်။ အတည်ပြုသည့် ဝန်ကြီးဌာန (၉)ဌာနမှာ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပညာရေး/ကျန်းမာရေး/နိုင်ငံခြားရေးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန၊ လယ်ယာ/စီးပွား/ကူးသန်းနှင့် အလုပ်သမားဝန်ကြီးဌာန၊ လျှပ်စစ်/စွမ်းအင်/စက်မှု/ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဘဏ္ဍာအခွန်/သစ်တော/ သားငါးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၊ ယဉ်ကျေးမှု/သာသနာရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်းနှင့် ဟိုတယ်ခရီးဝန်ကြီးဌာနတို့ ဖြစ်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုသည့် ဆိပ်ကြီးခနောင်တိုမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးမြင့်ဆွေအား တိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန် လွှတ်တော်ဥက္ကဋ္ဌက တင်ပြရာ ကန့်ကွက်ချက် တစ်စုံတစ်ရာ မရှိသည့်အတွက် တိုင်းဒေသကြီး လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ထို့နောက် ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ပုံမှန်အစည်းအဝေး ဒုတိယနေ့အစည်းအဝေးကို နံနက် ၁၀နာရီ ၁၀ မိနစ်တွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့



ပထမအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ပုံမှန်အစည်းအဝေး ဒုတိယနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၉ မှ

ရှမ်းပြည်နယ်

ရှမ်းပြည်နယ် လွှတ်တော်အစည်းအဝေးတွင် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုသည့် ဝန်ကြီးဌာန (၉)ဌာနနှင့် ဝန်ကြီး (၉)ဦး၊ တရားလွှတ်တော် တရားသူကြီး (၃)ဦး သတ်မှတ်နိုင်ရေးအတွက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်က တင်ပြရာ တက်ရောက်လာကြသည့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် (၁၄၂)ဦးစလုံးက တညီတညွတ်တည်း ထောက်ခံ အတည်ပြုခဲ့ကြသည်။ အတည်ပြုသည့် ဝန်ကြီးဌာန (၉) ဌာနမှာ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ စီမံ/ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီးပွားရေး ဝန်ကြီးဌာန၊ ပညာရေးနှင့် ကျန်းမာရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စက်မှုနှင့်သတ္တုဝန်ကြီးဌာန၊ လယ်ယာနှင့် သစ်တောဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် လျှပ်စစ်ဝန်ကြီးဌာနတို့ ဖြစ်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုသည့် ပင်းတယမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးအောင်မြတ် (ခေါ်) စဝ်အောင်မြတ်အား ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန် လွှတ်တော်ဥက္ကဋ္ဌက တင်ပြရာ ကန့်ကွက်ချက် တစ်စုံတစ်ရာ မရှိသည့်အတွက် ပြည်နယ်လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ထို့နောက် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေး ဒုတိယနေ့အစည်းအဝေးကို နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

ဧရာဝတီတိုင်းဒေသကြီး

ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးတွင် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုသည့် ဝန်ကြီးဌာန (၉)ဌာနနှင့် ဝန်ကြီး (၉)ဦး၊ တရားလွှတ်တော် တရားသူကြီး (၅)ဦး သတ်မှတ်နိုင်ရေးအတွက် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌဦးဆန်းဆင့်က တင်ပြရာ တက်ရောက်လာကြသည့် တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် (၇၂)ဦး စလုံးက တညီတညွတ်တည်း ထောက်ခံအတည်ပြုခဲ့ကြသည်။ အတည်ပြုသည့် ဝန်ကြီးဌာန (၉)ဌာနမှာ လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ စီမံ/စီးပွားဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ စီးပွား/ ကူးသန်းဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လူမှုရေးဝန်ကြီးဌာန၊ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ပြန်ကြားရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့ ဖြစ်ကြသည်။

သဘောတူ

ဆက်လက်၍ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုသည့် အင်္ဂပူမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးသိန်းအောင်အား တိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ခန့်အပ် တာဝန်ပေးအပ်ရန် လွှတ်တော်ဥက္ကဋ္ဌကတင်ပြရာ ကန့်ကွက်ချက် တစ်စုံတစ်ရာမရှိသည့် အတွက် တိုင်းဒေသကြီးလွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ထို့နောက် ပထမအကြိမ် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော် ပုံမှန်အစည်းအဝေး ဒုတိယနေ့ အစည်းအဝေးကို နံနက် ၁၀ နာရီ မိနစ် ၃၀တွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

ကျင်းပမည်

ပထမအကြိမ် တိုင်းဒေသကြီး လွှတ်တော်နှင့် ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးများကို ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၁၀ နာရီ တွင် တတိယနေ့အဖြစ် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပထမအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်ပုံမှန်အစည်းအဝေး ဒုတိယနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

အရှေ့ပိုင်းဒေသများ ညအပူချိန်ဆက်လက်လျော့နိုင်

နေပြည်တော် ဖေဖော်ဝါရီ ၁၁

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ရခိုင်ပြည်နယ်တွင် ဖေဖော်ဝါရီလ၏ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၄ ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ဖေဖော်ဝါရီလ၏ပျမ်းမျှအပူချိန်အောက် ၅ ဒီဂရီစင်တီဂရိတ်၊ ချင်းပြည်နယ်တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၈ ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

ဖေဖော်ဝါရီ ၁၂ရက် ညနေအထိခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာဖွယ်ရာရှိပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၄၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်ဆက်လက်လျော့နည်းနေမည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။

ဖေဖော်ဝါရီ တတိယ ရက်သတ္တပတ်ကုန်ရက်များအတွက် မိုးလေဝသခန့်မှန်းချက်မှာ လာမည့်သီတင်းပတ်ကုန်ရက်များအတွင်း နေပြည်တော်နှင့်မန္တလေးတိုင်းဒေသကြီးတို့တွင် အများအားဖြင့်သာယာပြီး ရန်ကုန်တိုင်းဒေသကြီးတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၂-၂-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်
၅:၂၀ MRTV-4 သတင်း
၅:၅၀ **နှလုံးသားဝယ်စွမ်းအားကြွယ်** တရားတော် (ယောဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ)
၆:၃၀ ရှင်တော်မဟာမုနိ...ဘဂဝါပူဇေမိ
၆:၄၅ **(၆၄)နှစ်မြောက်ပြည်ထောင်စုနေ့** နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားတိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်
၇:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၁၂)
၇:၄၅ MRTV-4 သတင်း
၈:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၂၉)
၈:၅၅ Emperor Love Concert အကြိုပြင်ဆင်နေမှုများ
၉:၁၀ Activities in the City (SONY's 3D World မိတ်ဆက်ပွဲအခမ်းအနား)
၉:၂၀ မွေးရပ်မြေကိုကျေးဇူးပြုတာ မြတ်သောစေတနာ
၉:၃၀ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၁၀:၀၀ Complete ICT Solution Provider For Complete Networking
၁၀:၂၀ ယုံကြည်ချက်များနဲ့အတူ
၁၀:၃၀ သွားမယ်စားမယ် (Zeal Coffee Launge & Restaurant)
၁၁:၀၅ Goals of the Week
၁၁:၃၀ ဦးညွှတ်အခါခါ...မြတ်ဆရာ [အထက(၂)သဃ်န်းကျွန်း]
၁၁:၅၀ ပန်းချီပြခန်း (We Love Art)
၁၂:၀၅ Activities in the City (သာသနနုဂ္ဂဟသုံးထပ်ဗိမာန်တော်ကြီးပန္နက်တော်တင် တွင်းတော်ဝန်းမင်္ဂလာ အခမ်းအနား)
၁၂:၁၀ ဘားအံမြို့၏အလှဆုံးနေ့
၁၂:၃၅ တရားဓမ္မပွားများအားထုတ်ရာ ဓမ္မဒူတတောရသာသနာ့ရိပ်သာ
၁:၀၀ **နှလုံးသားဝယ်စွမ်းအားကြွယ်** တရားတော် (ယောဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ)
၁:၄၀ ရှင်တော်မဟာမုနိ...ဘဂဝါပူဇေမိ
၂:၀၀ MRTV-4 သတင်း
၂:၂၀ VJ Choice
၂:၅၅ သဘာဝဆေးစွမ်းထက်သော မြန်မာ့တပင်တိုင်မြနန်း
၃:၁၅ ဂီတသမားတို့ရဲ့ရင်ခုန်သံများ (ရင်ခုန်သံစည်းချက်များနဲ့ ပန်းမြို့တော်မှ ဂီတပွဲတော်(Day-1)
၃:၃၀ Kid' Show
၄:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၂၉)
၄:၄၅ ဒူးခေါင်းအဆစ်ရောင်ရမ်းခြင်း ရောဂါဆိုင်ရာအကြောင်းဟောပြော ဆွေးနွေးပွဲ
၅:၀၀ Movie Talk (အသာမစံအနာခံလူကြမ်းများ) (အပိုင်း-၅)
၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
၆:၀၀ MRTV-4 သတင်း
၆:၂၀ Emperor Love Concert အကြိုပြင်ဆင်နေမှုများ
၆:၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၁၃)
၇:၂၀ ဖက်ရှင်လမ်းညွှန် (ဒီဇိုင်နာငါးဦး၏လက်ရာ) (အပိုင်း-၂)
၈:၀၀ MRTV-4 သတင်း
၈:၃၀ သွေးချင်းတို့၏စုပေါင်းအားနှင့် နိုင်ငံတော်၏အနာဂတ်
၈:၄၀ ပြုံးပျော်ကျန်းမာကလေးတို့ကမ္ဘာ
၉:၂၅ **Barclays Premier League (Arsenal Vs Wolverhampton)**
၁၁:၂၅ သူတို့ပြောတဲ့သူတို့အကြောင်း (မြတ်ကေသီအောင်နှင့် တွေ့ဆုံခြင်း) (အပိုင်း-၂)
၁၁:၅၅ **Barclays Premier League (Sunderland Vs Tottenham)**
၁:၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၃၀)
၂:၃၀ လက်ဖက်စိုက်တဲ့ရွာကလေး
၂:၄၅ မှတ်မှတ်ရရရှိစေဖို့ ကယားဒေသဟင်းထုပ်
၂:၅၀ တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (ကဏန်းပျော့မွေးမြူ ထုတ်လုပ်ရေး)
၃:၀၅ ကြိုတင်အားဖြည့်ကွန်ကရစ် ဇလီဖားစက်ရုံ (ဥသျှစ်ပင်)
၃:၁၅ **ရင်နှစ်ပန်းတို့လန်းစေချင်** ဖြိုးငွေစိုး၊ မိုးယုစံ၊ မျိုးသန္တာထွန်း၊ ခင်စိုးပိုင်၊ အေးသီတာ [ဒါရိုက်တာ-သိန်းဟန်(ဖီးနစ်)]
၃:၂၅ World of Knowledge (Moving Ancient Egypt)
၄:၁၅ ရွှေမင်းသား (သို့မဟုတ်) နှလုံးသားထက်မြက်သူ
၄:၃၅ ရွှေတောင်မြို့မှ စည်းလုံးချည်
၄:၅၀ ဝင့်ကြွားအားမာန် **ကတိုက်တမံ**
၅:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇:၁၀	Man U - Man City	ESPN(Live)
၉:၂၅	Liverpool - Wigan	ESPN (Live)
	Arsenal - Wolverthampton	STAR SPORTS (Live)
၁၁:၅၅	Sunderland - Tottenham	ESPN (Live)
	Birmingham - Stoke city	STAR SPORTS (SDD)

ဖေဖော်ဝါရီ ၆ ရက်က မြောက်ဥက္ကလာပမြို့နယ် မြို့နယ်အဆင့် ဘက်စုံထူးချွန်ဆုချီးမြှင့်ပွဲကို ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးကျော်မြင့်က ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဘာသာစုံဂုဏ်ထူးရှင် မောင်ထွန်းတင့်ဇော်ဦး (အထက-၁)အား ဆုချီးမြှင့်စဉ်။

(ပညာရေး)

ညအပူချိန်များ ဆက်လက် လျော့နည်းမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၁

ယနေ့နံနက် ၆ နာရီခွဲအချိန် မိုးလေဝသတိုင်းထွာချက်များအရ ယနေ့မွန်းတည့်မှ နောက် သုံးရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်မြောက်ပိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၅ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ မြန်မာဘရူဝါရီလီမိတက် အချိုရည်စက်ရုံ ပန္နက်တင်မင်္ဂလာအခမ်းအနား တက်ရောက်ချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေသည် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင်စက်မှုဇုန် အမှတ် (၃) လမ်းမကြီးရှိ မြန်မာဘရူဝါရီလီမိတက် အချိုရည်စက်ရုံ ပန္နက်တော်တင်နှင့် တွင်းတော်ဝန်းမင်္ဂလာအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပြီး မင်္ဂလာအချိန်တွင် အလယ်ဗဟိုပန္နက်တိုင်၌ ပန္နက်တင်ပေးကာ နံ့သာရည်ပက်ဖျန်းပေးသည်။

ပက်ဖျန်း

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက် ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဝင်းသန်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက် ဒုတိယမန်နေဂျင်း ဒါရိုက်တာ၊ မြန်မာဘရူဝါရီလီမိတက်ဥက္ကဋ္ဌ၊ မြန်မာဘရူဝါရီလီမိတက် မန်နေဂျင်းဒါရိုက်တာများနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာအသီးသီး၌ ပန္နက်တော်တင်ပေးကြပြီး နံ့သာရည် ပက်ဖျန်းပေးကြသည်။

ယင်းနောက် မြန်မာဘရူဝါရီလီမိတက်မှ တာဝန်ရှိသူတို့က တွင်းတော်ဝန်းပေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စိုက်ပျိုးရေးနည်းပညာ အလုပ်ရုံဆွေးနွေး

ပဲခူး ဖေဖော်ဝါရီ ၁၁

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မျိုးစေ့ဌာနခွဲမှ မန်နေဂျာဦးမောင်မောင်ရင် ဦးဆောင်၍ မြေအသုံးချမန်နေဂျာ ဒေါ်သူဇာမြင့်၊ သီးနှံကာကွယ်ရေးဌာနခွဲမှ လက်ထောက်မန်နေဂျာ ဒေါက်တာ ခင်ညွန့်ရီတို့ပါဝင်သော စိုက်ပျိုးပညာပေးရေးအဖွဲ့သည် ဇန်နဝါရီ ၂၁ ရက် နံနက် ၈ နာရီက ပဲခူးတိုင်းဒေသကြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပဲခူးတိုင်းဒေသကြီး မန်နေဂျာရုံး၌ နည်းပညာ အလုပ်ရုံဆွေးနွေးပွဲကျင်းပရာ ဆွေးနွေးပွဲတွင် ပဲခူးတိုင်းဒေသကြီး ဒုတိယ အထွေထွေမန်နေဂျာ ဦးအေးကိုကိုက အမှာစကားပြောကြားပြီး စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် အထောက်အကူပြု နည်းပညာများကို မျိုးစေ့၊ မြေအသုံးချနှင့် သီးနှံကာကွယ်ရေးဘာသာရပ်အလိုက် ဆွေးနွေးပို့ချသည်။ **(ခရိုင်စိုက်ပျိုးရေး)**

မြန်မာ့ရုပ်မြင်သံကြား

၁၂-၂-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

- ၆း၄၅ ၁။ (၆၄)နှစ်မြောက်ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပပုံ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
- ၇း၁၅ ၂။ (၆၄)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ (၆၄)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၈း၀၀ ၅။ **စည်းလုံးခြင်းရဲ့ အရသာ** ကိုကိုလင်းမောင်၊ မြတ်ကေသီအောင် (ဒါရိုက်တာ-အေဝမ်းမောင်လှမျိုး)
- ၈း၄၀ ၆။ International News
- ၈း၄၅ ၇။ ပြည်ထောင်စုနေ့ဂုဏ်ပြု (ဆိုင်းအဖွဲ့ဖျော်ဖြေခန်း)

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ (၆၄)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၁၁း၂၅ ၃။ တစ်ပတ်အတွင်းရုပ်မြင်သံကြားပြည်တွင်းသတင်းစဉ်
- ၁၂း၂၅ ၄။ Yan Can Cook
- ၁၂း၅၀ ၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်ကြိုးတစ်မျှင်** (အပိုင်း-၁၅)
- ၁၃း၅၀ ၆။ **မြေပြန့်တောင်ပေါ်ပင်လယ်တောင်တန်း** (မြန်မာ့ရုပ်မြင်သံကြားမှုဝန်ထမ်းများ) (ဒါရိုက်တာ-မျိုးအေး)
- ၁၄း၅၀ ၇။ International News
- ၁၅း၀၀ ၈။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၄း၂၀ ၃။ (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၄း၃၀ ၄။ ၂၀၁၁ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဘာသာရပ်ဆိုင်ရာ သင်ခန်းစာ (အင်္ဂလိပ်စာဘာသာရပ်)
- ၅း၀၀ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၁၀ ၆။ မှုဟန်သွယ်သွယ်ဆိုကြမယ်
- ၅း၂၅ ၇။ (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ် (ဒွံမင်းဆန်းတင့်၏ဒွံမင်းလက်သံ)
- ၅း၄၀ ၈။ မြန်လည်ခံစား ဆိုပျော်တေးများ
- ၆း၀၀ ၉။ ညနေခင်းသတင်း
- ၆း၁၅ ၁၀။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၁။ အလှရှာမယ်လှကမ္ဘာဝယ်
- ၆း၄၀ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **စမ်းရေပမာ** (အပိုင်း-၂၁)
- ၇း၄၀ ၁၃။ ပြည်ထောင်စုစိတ်ဓာတ် မပြတ်ရင့်သန်ခိုင်မာရန်မှာ ဒို့ဝန်တာ **(အသီးတစ်ရာ အညှာတစ်ခု ဒို့ပြည်ထောင်စု)**
- ၈း၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (အပိုင်း-၉၈)
- ၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကွန်ဖူးချစ်သူ** (အပိုင်း-၅)
- ၁၉။ **ဂီတတံခါးလေးဖွင့်ပါဦး**
- ၂၀။ အစီအစဉ်ပြီး၏။

မီးဘေးသင့်သူများအား အလှူငွေနှင့် ပစ္စည်းများ ထောက်ပံ့လှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ရန်ကုန်တိုင်းဒေသကြီး သဃ်္ဃန်းကျွန်းမြို့နယ် ၁၆/၄ ရပ်ကွက် သီတာရေစင်လမ်း၌ ဖေဖော်ဝါရီ ၈ ရက်က မီးလောင်ခဲ့မှုကြောင့် အိုးအိမ်မဲ့ဖြစ်ခဲ့ရသော အိမ်ထောင်စုဝင် မိသားစုဝင်များအား ၁၆/၄ ရပ်ကွက် ဓမ္မာရုံ၌ ယာယီကယ်ဆယ်ရေးစခန်းဖွင့်လှစ်ပြီး ဖေဖော်ဝါရီ ၈ ရက်မှစ၍ လှူဒါန်းမှုများ ပြုလုပ်လျက်ရှိရာ အလှူရှင် ဒေါ်ခင်ဝင်း ၁၆/၄ ရပ်ကွက် စာရေးမိသားစုက အဝတ်အထည်မျိုးစုံ၊ အမေ့အိမ်ဘော်ဒါ ဒေါ်မိုးမိုးနှင့်တပည့်များ ၁၆/၄ ရပ်ကွက် ဂန့်ဂေါ်ရိပ်သာလမ်းက အလှူငွေကျပ်သုံးသိန်း၊ ဦးကျော်မြင့်-ဒေါ်ဝင်းမြင့် မိသားစု ဇောတိက(၁)လမ်းက အဝတ်အထည်မျိုးစုံ၊ ဒေါ်ရှုကျင် မိသားစု ပြည်သာယာက ဆန်ငါးအိတ်၊ ကွယ်လွန်သူ ဒေါ်ဖြူဖြူမိသားစု ရန်ကင်းမြို့နယ်က ညနေစာဟင်းထမင်း၊ ဦးကျော်စိုးဝင်း-ဒေါ်မြဋ္ဌကျော်မိသားစုက ဆန်သုံးအိတ်၊ ပန်းကန်၊ ဇွန်း၊ ချိုင့်၊ ရေခွက် တန်ဖိုးငွေကျပ် နှစ်သိန်း စသည်ဖြင့် အလှူရှင်စုစုပေါင်း ၆၀ ကျော်တို့က ၁၆/၄ ရပ်ကွက် ယာယီကယ်ဆယ်ရေးစခန်းသို့လာရောက်၍ လိုအပ်သောစားသောက်စရာများနှင့် အသုံးအဆောင်ပစ္စည်းများ လှူဒါန်းခဲ့ကြရာ ရပ်ကွက်မီးဘေးအလှူခံရေးဆပ်ကော်မတီ အဖွဲ့ဥက္ကဋ္ဌ ဒေါ်မိုးမိုး၊ အတွင်းရေးမှူး ဦးအောင်ကျော်နှင့်အဖွဲ့ဝင်များက လက်ခံယူခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ)** (၁၂၁)

ဟိုပုံးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဟိုပုံး-ဆီဆိုင်ကားလမ်းဘေးရှိ ရေမြောင်းပြုပြင်နေမှုကို ဇန်နဝါရီ ၂၅ ရက်က အမှုဆောင်အရာရှိ ဦးစိုင်းအောင်လင်းနှင့် တာဝန်ခံအင်ဂျင်နီယာဦးစိုးလွင်မြင့်တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

အင်္ဂလိပ်စာကျွမ်းကျင်မှုသင်တန်းများဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၁

Future Star Quality Training Centre သည် နွေရာသီကျောင်းပိတ်ရက်များ (March, April, May) တွင် ၅ နှစ်မှ ၁၆ နှစ်အတွင်း ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာဘာသာရပ်ကိုကျွမ်းကျင်စွာလေ့လာသင်ယူနိုင်ရန် Level အလိုက် လေ့ကျင့်သင်ကြားပေးလျက်ရှိရာ နွေရာသီသင်တန်းများတွင် Grammar နှင့် Vocabularyကို အခြေခံ၍ School Text Book and Cambridge English(4 Skills) ကို တစ်ပြိုင်တည်း လေ့လာသင်ယူနိုင်ရန်စီစဉ်ထားသည်။ ကျောင်းသင်ရိုးစာအုပ်မှ အင်္ဂလိပ်သင်ခန်းစာများကို အတန်းအလိုက် လေ့ကျင့်သင်ကြားခြင်းအပြင် Model Essay / Letter ရေးနည်းများကိုလည်းကောင်း၊ UK နိုင်ငံမှ Cambridge Exam များ (Starters, Movers, Flyers, KET, PET) တို့ကိုလည်းကောင်းဖြေဆိုနိုင်ရန် အထူးလေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ဗြိတိသျှကောင်စီက ဖွင့်လှစ်ထားသည့် နိုင်ငံတကာအဆင့်မီ စာကြည့်တိုက်အသင်းဝင်ကြေး တစ်နှစ်တိတိ အခမဲ့ရရှိမည့်အပြင် ဖေဖော်ဝါရီလအတွင်း အပ်နှံသော ကျောင်းသား ကျောင်းသူများအား ကျောင်းလခ ၁၀ ရာခိုင်နှုန်း လျှော့ပေးမည်ဖြစ်သည်။

သင်ကြားပေး

နွေရာသီ သင်တန်းများအပြင် ကျောင်းချိန်ပြင်ပ စနေ၊တနင်္ဂနွေပုံမှန်သင်တန်းများကို လစဉ်တက်ရောက်နိုင်ကြောင်း၊ နှစ်နှစ်ခွဲမှ ငါးနှစ်အရွယ်ရင်သွေးငယ်များဘက်စုံအခြေခံကောင်းများရရှိစေရန် နိုင်ငံတကာအဆင့်မီနည်းပညာသစ်များဖြင့် အင်္ဂလိပ်စာကို အထူးပြု၍ မူလတန်းကြို ဘာသာရပ်အားလုံးကို သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

အသေးစိတ်သိရှိလိုပါက Future Star Quality Training Centre ခြံအမှတ်(၃၃/A) နတ်မောက်လမ်းသွယ်(၁) ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၅၉၀၅၁နှင့် ၇၃၀-၂၂၄၄၁ တို့ထံသို့ ဆက်သွယ်စုံစမ်းနိုင်သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုနေ့ဂုဏ်ပြု အမြို့မြို့အနယ်နယ်၌ လမ်းသစ်များဖွင့်

ပုသိမ်မြို့ ကုန်စုံလမ်းကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၉ရက်က ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင်၊ ပုသိမ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးတင်အေးနှင့် လမ်းဖြစ်မြောက်ရေးကော်မတီဝင် ဦးစိုးနိုင်တို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ဒိုက်ဦးမြို့နယ် ဖောင်တော်သီကျေးရွာ ခန္ဓာစုလမ်း ဂဝံလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၆ ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်စွာအောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ခိုင်နှင့် ဖောင်တော်သီကျေးရွာဥက္ကဋ္ဌ ဦးဇော်မြင့်ဦးတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ဘိုကလေးမြို့နယ် ဗိုလ်တေဇလမ်း ကတ္တရာထပ်ပိုးလွှာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၄ ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးထင်ကျော်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကြည်စိုးတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (၁၃၇)

ကြံခင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မင်းရဲကျော်စွာလမ်း (မြို့ပြ) ကတ္တရာလမ်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၅ ရက်ကကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးစိုးသန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်သက်ရှည်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ထားဝယ်မြို့နယ် ရတနာမာန်အောင်လမ်းနှင့် ဃောသိတာရာမကျောင်းလမ်း ထပ်ပိုးကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၃ ရက်က ရတနာမာန်အောင်လမ်းထိပ်မုခ်ဦး၌ ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုး၊ ထားဝယ်ခရိုင်ဥက္ကဋ္ဌ ဦးလှမျိုးနှင့် ရပ်မိရပ်ဖ ဦးဇော်မင်းဦးတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (တိုင်း ပြန်/ဆက်)

SANYO နှင့် HQ အမှတ်တံဆိပ်လျှပ်စစ်ပစ္စည်းများ Big Win ရောင်းအားမြှင့်တင်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၁

OK Myanmar Co., Ltd. ၏ SANYO နှင့် HQ အမှတ်တံဆိပ် လျှပ်စစ်ပစ္စည်းများ Big Win ရောင်းအားမြှင့်တင်ပွဲ အခမ်းအနားကို ယနေ့ ညနေ ၆ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနား ဟိုတယ် Grand Ball Room ၌ ကျင်းပရာ အနယ်နယ်အရပ်ရပ်မှ အရောင်း ကိုယ်စားလှယ်ကြီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ OK Myanmar Co., Ltd. ဒါရိုက်တာ အဖွဲ့ဝင် ဦးဇော်ဝိတ်က နှုတ်ခွန်းဆက်စကား ပြောကြားပြီး ကုမ္ပဏီက တိုးချဲ့လုပ်ကိုင်လျက်ရှိသည့် SANYO Solar Energy နှင့် Super Market ကြီးများ၊ စတိုးဆိုင်များ၌ ဟင်းသီးဟင်းရွက်၊ အသားငါး၊ ပန်းများရောင်းချရာ၌ ခင်းကျင်းပြသသည့် အအေးခန်း Show Case ကြီးများ လက်ခံဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် OK Myanmar Co., Ltd. မန်နေဂျင်း ဒါရိုက်တာ ဦးကျော်ကျော်လှိုင်က SANYO နှင့် HQ အမှတ်တံဆိပ် လျှပ်စစ်ပစ္စည်းများ ရောင်းအားမြှင့်တင်ရန်အတွက် Big Win Lucky Draw Promotion စီစဉ်ထားသည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ၌ Promotion ကာလအတွင်း SANYO အမှတ်တံဆိပ် Air Con များ၊ ရေခဲသေတ္တာများ၊ LCD TV များနှင့် HQ အမှတ်တံဆိပ် အအေးခန်း Show Case ကြီးများကို လက်ရှိဈေးနှုန်းများထက် ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအထိ လျှော့ချထားသည့်အပြင် ဝယ်ယူသူတိုင်း ခံစားရမည့် ဗလာမပါ ခဲခြစ်ကံစမ်းမဲများ ထည့်သွင်းထားကြောင်း။

ခဲခြစ်ကံစမ်းမဲများမှာ အနည်းဆုံး ငွေသား ကျပ်တစ်သောင်းမှ အမြင့်ဆုံး ငွေကျပ် ၁၀ သိန်းအထိပါရှိပြီး အခြား အဖိုးတန်ရေခဲသေတ္တာများ၊ LCD TV များ၊ Air Con များလည်း ပါရှိကြောင်း၊ ရောင်းအားမြှင့်တင်ပွဲကာလအတွင်း SANYO နှင့် HQ အမှတ်တံဆိပ် လျှပ်စစ်ပစ္စည်း ဝယ်ယူသုံးစွဲသူများအနေဖြင့် ဈေးနှုန်းသက်သာသည့်အပြင် ကံစမ်းမဲများပါ ခံစားနိုင်သည့် ထူးခြားသည့် အခွင့်အရေးဖြစ်ကြောင်း၊ ကံစမ်းမဲကာလမှာ ဖေဖော်ဝါရီ ၁၂ ရက်မှ မေ ၃၁ ရက်အထိဖြစ်ပြီး အဆိုပါကာလအတွင်း မြန်မာ တစ်နိုင်ငံလုံးရှိ လျှပ်စစ်ပစ္စည်း အရောင်းဆိုင်တိုင်းတွင် ဝယ်ယူရရှိ ခံစားနိုင်ကြောင်း ရှင်းလင်းပြောကြားသည်။

အခမ်းအနားအပြီးတွင် အရောင်းကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များသည် SANYO နှင့် HQ အမှတ်တံဆိပ် လျှပ်စစ်ပစ္စည်းများနှင့် SANYO ဆိုလာစွမ်းအင် ပြခန်းတို့ကို လှည့်လည်ကြည့်ရှုကြရာ ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် အင်ဂျင်နီယာများက အသေးစိတ် ရှင်းလင်းပြသကြသည်။

တိုးချဲ့ဆောင်ရွက်

OK Myanmar Co., Ltd. သည် ဂျပန်နိုင်ငံ SANYO အမှတ်တံဆိပ်လျှပ်စစ်ပစ္စည်းများ၏ မြန်မာနိုင်ငံဈေးကွက် ဖြန့်ဖြူးရေးကိုယ်စားလှယ်ဖြစ်ပြီး SANYO လျှပ်စစ်ပစ္စည်းများအပြင် SANYO ဆိုလာစွမ်းအင်လုပ်ငန်းကိုပါ တိုးချဲ့ဆောင်ရွက်လျက်ရှိသည်။

OK Myanmar Co., Ltd. ၏ SANYO နှင့် HQ အမှတ်တံဆိပ် လျှပ်စစ် ပစ္စည်းများ Big Win ရောင်းအားမြှင့်တင်ပွဲ အခမ်းအနား၌ SANYO ဆိုလာစွမ်းအင် ပြခန်းပြသ ထားစဉ်။ (သတင်းစဉ်)

SANYO Solar ပြားများကို ဂျပန်နိုင်ငံမှ တိုက်ရိုက်ထုတ်လုပ်ပြီး အရည်အသွေး မြင့်မားသည့်အတွက် နိုင်ငံတကာတွင် ကျယ်ပြန့်စွာ သုံးစွဲလျက်ရှိသည်။ ပုံမှန်အားဖြင့် ဆိုလာပြားအများစုတွင် Mono Crystaline (ခေါ်) ဆီလီကွန်တစ်လွှာသာ ဖုံးအုပ်ထားသော်လည်း SANYO ဆိုလာ၏ HIT နည်းပညာသုံး ဆိုလာပြားများသည် Mono Crystaline တစ်လွှာပေါ်တွင် Amorphous နှစ်လွှာ ထပ်မံအုပ်ထားသဖြင့် နေရောင်ခြည်မှ လျှပ်စစ်စွမ်းအင် ထုတ်ယူနိုင်မှု ပိုမိုကောင်းမွန်သည်။

တပ်ဆင်ပေး

SANYO ၏ HIT နည်းပညာဖြင့် ထုတ်လုပ်ထားသည့် Solar ပြားများသည် နိုင်ငံတကာ ဆိုလာအဆင့်သတ်မှတ်ချက်တွင် အမြင့်ဆုံးဖြစ်သည်။ SANYO ဆိုလာပြားများအား နှစ် ၂၀ အာမခံပေးထားပြီး ကုမ္ပဏီမှ ကျွမ်းကျင်အင်ဂျင်နီယာများက တိုင်းတာတွက်ချက်ပေးခြင်း၊ ပုံစံထုတ်ပေးခြင်းနှင့် နေရာဒေသမရွေး တပ်ဆင်ပေးခြင်း စသည့်ဝန်ဆောင်မှုများ ပေးလျက်ရှိသည်။

လက်ရှိအခြေအနေတွင် လျှပ်စစ်မီးမရသေးသည့် ရော်ဘာစိုက်ခင်းများ၊ ကော်ဖီခြံများ၊ ငါးကန်၊ ပုစွန်ကန်များနှင့် ကျေးရွာများတွင် သုံးစွဲမှု ပိုမိုများပြားကြောင်းနှင့် မီးစက်အင်ဂျင်စက်များ သုံးစွဲမှုနှင့် နှိုင်းယှဉ်လျှင် စတင်ရင်းနှီးမြှုပ်နှံရသည့် တန်ဖိုးမှာ အနည်းငယ်များသော်လည်း ရေရှည်သုံးစွဲနိုင်သည့်အတွက် တွက်ခြေကိုက်ကြောင်း၊ ဆိုလာမှာ တပ်ဆင်ပြီးသည်နှင့် ကုန်ကျစရိတ် မရှိတော့သဖြင့် မီးစက်သုံး ဆီဖိုးဖြင့် တွက်လျှင်ပင် နှစ်နှစ်အတွင်း အရင်းကျေသဖြင့် သုံးစွဲသူများ တဖြည်းဖြည်း တိုးတက်များပြားလာကြောင်း သိရှိရသည်။

အသေးစိတ် သိရှိလိုပါက OK Myanmar Co., Ltd.အမှတ် (၉-ဂျီ) MGW Tower ဗိုလ်အောင်ကျော်လမ်း ဖုန်း-၀၁-၂၅၆၅၀၁-၀၆၊၃၉၂၉၈၆ နှင့် ၃၉၂၉၈၇ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

OK Myanmar Co.,Ltd. ၏ SANYO နှင့် HQ အမှတ်တံဆိပ် လျှပ်စစ်ပစ္စည်းများ Big Win ရောင်းအားမြှင့်တင်ပွဲ အခမ်းအနား၌ SANYO နှင့် HQ အမှတ်တံဆိပ် လျှပ်စစ်ပစ္စည်းများ ပြသထားစဉ်။
(သတင်းစဉ်)

KNU အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသော မိုင်းနင်းမိသဖြင့် အပြစ်မဲ့ပြည်သူတစ်ဦးသေဆုံး၊ သုံးဦးဒဏ်ရာရရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၁

မွန်ပြည်နယ် ဘီးလင်းမြို့နယ် နတ်ကြီးကျေးရွာနေ ယာဉ်မောင်း ကိုဂျစ်တူး (ခေါ်) ညီညီထွန်း မောင်းနှင်လာသည့် အရပ်ယာဉ်တစ်စီးသည် ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၉ နာရီခန့်တွင် ဘီးလင်းမြို့နယ် ပဒါတော်ရွာနှင့် ဝင်းမောင်းကြားတစ်နေရာ၌ KNU အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသော မိုင်းတစ်လုံးနင်းမိသဖြင့် ယာဉ်မောင်း သေဆုံးခဲ့ပြီး ယာဉ်နောက်လိုက်တစ်ဦးနှင့် ခရီးသည်နှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ ဒဏ်ရာရရှိသူများအနက် နတ်ကြီးကျေးရွာနေ မောင်ကျော်မင်းဦးမှာ သထုံပြည်သူ့ဆေးရုံ၌ ဆေးဝါးကုသလျက်ရှိကာ ကျန်နှစ်ဦးမှာ ဒဏ်ရာသက်သာပြီး ကျေးရွာတွင် နေထိုင်လျက်ရှိကြောင်းနှင့် တာဝန်ရှိသူများက လိုအပ်သည်များ ကူညီစောင့်ရှောက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့အလင်း နောက်ဆုံးရနိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် - ရေးသားသည်

နယူးဂျာစီပြည်နယ်၌ လေယာဉ်ပျက်ကျ

နယူးယောက် ဖေဖော်ဝါရီ ၁၁

အမေရိကန်နိုင်ငံ နယူးဂျာစီပြည်နယ် လင်ကွန်းပတ်ခ်လေဆိပ်အနီး၌ ဖေဖော်ဝါရီ ၁၁ ရက်က လေယာဉ်ငယ်တစ်စီးပျက်ကျခဲ့ကြောင်း (အောက်ပုံ) အမေရိကန် မြို့ပြလေကြောင်းအဖွဲ့က သတင်းထုတ်ပြန်သည်။

၎င်းလေယာဉ်ငယ်သည် အမေရိကန်နိုင်ငံ မော်ရစ်မြို့လေဆိပ်မှ လင်ကွန်းပတ်ခ်လေဆိပ်သို့ ပျံသန်းလာစဉ် လင်ကွန်းပတ်ခ်လေဆိပ်အနီးတွင် ပျက်ကျခဲ့ခြင်းဖြစ်သည်။ လေယာဉ်ပျက်ကျမှုကြောင့် လေယာဉ်ပေါ် လိုက်ပါလာသူနှစ်ဦး ဒဏ်ရာပြင်းထန်စွာရရှိခဲ့သည်။

၎င်းလေယာဉ်သည် ချက်စ်နာ ၁၈၂ပီ အင်ဂျင်တစ်လုံးတပ်လေယာဉ်အမျိုးအစားဖြစ်ပြီး လောင်စာဆီယိုစိမ့်မှုကြောင့် ပျက်ကျခဲ့ခြင်းဖြစ်သည်ဟု လေယာဉ်ပျက်ကျမှု စစ်ဆေးသူများက ပြောကြားသည်။ လင်ကွန်းပတ်ခ်လေဆိပ်သည် နယူးယောက်စီးတီးမှ မိုင်၂၀ခန့်အကွာ၌ တည်ရှိသည်။

(အင်တာနက်)

ဖိလစ်ပိုင်တောင်ပိုင်း၌ အင်အားပြင်းငလျင်လှုပ် နေအိမ်အဆောက်အအုံများ ယိမ်းထိုးလှုပ်ခါခဲ့

ဒါဗာရိုစီးတီး ဖေဖော်ဝါရီ ၁၁

ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်းတွင် ဖေဖော်ဝါရီ ၁၁ ရက်က ရစ်ချ်တာစကေး ၆ ဒသမ ၆ အင်အားရှိသော ငလျင်လှုပ်သွားကြောင်း ဖိလစ်ပိုင်အရာရှိများက ပြောကြားသည်။

၎င်းငလျင်သည် မင်ဒါနာရီပြည်နယ် အနောက်တောင်ပိုင်း ဇူလူကျွန်းမြို့တော် ဂျိုလိုမြို့ အရှေ့တောင်ဘက် ၃၂၃ကီလိုမီတာအကွာ၌ ဗဟိုပြု၍ လှုပ်ခဲ့ခြင်းဖြစ်သည်။

ယင်းငလျင်လှုပ်မှုကြောင့် ကီဒါပါဝမ်မြို့နှင့် အန်ကိုစ်မြို့များတွင် နေအိမ်အဆောက်အအုံများ လှုပ်ခါသွားကြောင်း၊ ဆူနာမီ သတိပေးချက်ထုတ်ပြန်မှုမရှိကြောင်း၊ သို့သော် နောက်ထပ် ငလျင်များ ထပ်မံလှုပ်မှု ရှိမရှိကို စောင့်ကြည့်လျက်ရှိကြောင်း သတင်းထုတ်ပြန်သည်။

(အင်တာနက်)

မြန်မာ့အလင်း ရုပ်ရှင်အမြည်း



ရန်ကုန် ဖေဖော်ဝါရီ ၁၁

ကိုလင်း (ရုပ်ရှင်သတင်းထောက်)

ယခုအပတ် ရန်ကုန်မြို့လယ် ရုံများတွင် ရုပ်ရှင် ကားသစ်များ မဝင်ဘဲ သမ္မတ၊ သွင်၊ မင်္ဂလာ ရုပ်ရှင်ရုံများတွင် ရန်အောင်၊ ရဲအောင်၊ လွင်မိုး၊ သူထူးစံ၊ မိုးအောင်ရင်၊ မို့မို့မြင့်အောင်၊ မေခလာ၊ မေသန်းနု၊ သက်မွန်မြင့်၊ အယ်လ်ဆိုင်းဇီ၊ ဇော်ဝမ်း၊ ဗေလုဝ၊ ဇရာစသည့် သရုပ်ဆောင်များစွာ ပါဝင်သော **ဟော့ရှော့-3** ဟာသရုပ်ရှင်ဇာတ်ကား ဆက်လက်အောင်ပွဲခံလျက်ရှိသည်။ **(ယာပုံ)**

ဆက်လက်ပြသ

ထို့အပြင် ရှေ့ဆောင်ရုပ်ရှင်ရုံ၌ HISSSS အိန္ဒိယ ရုပ်ရှင်ဇာတ်ကားသည်လည်းကောင်း၊ နေပြည်တော် ရုပ်ရှင်ရုံတွင် THE GREEN HORNET အင်္ဂလိပ် ရုပ်ရှင်ဇာတ်ကားသည်လည်းကောင်း ဆက်လက်ပြသလျက်ရှိကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ဓာတ်ဆီဖြည့်မှု သတိပြု

ပူပြင်းသော ရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီ လဲလှယ်ခြင်းများပြုလုပ်စဉ် ပွတ်တိုက်မှု (Friction) မှ သဘာဝတည်ငြိမ်လျှပ်စစ် (Static Electricity)တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတုပူပြင်းချိန်တွင် ပလတ်စတစ်ပုံး၊ ပလတ်စတစ်ပိုက်တို့ဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြုရှောင်ကြဉ်ကြပါရန်။

မီးသတ်ဦးစီးဌာန။

ကျေးရွာချင်းဆက် မြေနီလမ်းသစ် ပြည်မြို့နယ်၌ ဖွင့်

ပြည် ဖေဖော်ဝါရီ ၁၀

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ပျဉ်းမအိုင်-လဘာ-ပုဏ္ဏမ ကျေးရွာချင်းဆက် မြေနီလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၆ ရက် နံနက် ၈ နာရီက ကျင်းပရာ အခမ်းအနားတွင် ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးအာကာမြတ်သူက လမ်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီးနောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဇော်ထက်၊ ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြတ်စိုး၊ လဘာကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်စန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။ **(အပေါ်ပုံ)**

အဆိုပါ ကျေးရွာချင်းဆက် မြေနီလမ်းသစ်မှာ အရှည်ပေ ၈၀၀၀ ရှိပြီး ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေကျပ် သိန်း ၁၄၀ အကုန်အကျခံဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

သပိတ်ကျင်းမြို့နယ်၌ စံကွက်ရိတ်သိမ်း

သပိတ်ကျင်း ဖေဖော်ဝါရီ ၁၀

သပိတ်ကျင်းမြို့နယ် စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးဟန်၊ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးငြိမ်းမောင်၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးမင်းနိုင်နှင့်အဖွဲ့ဝင်များ၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန လက်ထောက်ဦးစီးမှူး ဦးအောင်ဆန်းဝင်းတို့သည် ဇန်နဝါရီ ၂၈ ရက်က သပိတ်ကျင်းမြို့နယ် ဝါးဖြူတောင်ကျေးရွာအုပ်စု ဝါးဖြူတောင် ကွင်းအမှတ် (၂၂၆၁) ဝါးဖြူတောင် မြောက်ကွင်း ဦးပိုင်အမှတ် (၄) တောင်သူဦးသန်းအောင်၏ မနောသုခစပါး ၃ ဒသမ ၀၃ ဧကရှိ လယ်ကွက်၌ စံကွက်ရိတ်သိမ်းကြရာ ခြောက်သွေ့ပြီး စပါးတစ်ဧက ပျမ်းမျှ ၇၁ ဒသမ ၁၄ တင်းနှုန်းထွက်ရှိကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**

(မြေစာရင်းဦးစီး)

မြို့နယ်သတင်း ထွေတလာ

ပညာသင်ထောက်ပံ့ကြေး ပခုက္ကူ၌ ပေးအပ်

ပခုက္ကူ ဖေဖော်ဝါရီ ၁၀

ပခုက္ကူဦးအုံးဖေ ပညာသင်ထောက်ပံ့ရေးရန်ပုံငွေအဖွဲ့က ၂၀၁၁ ခုနှစ်ပညာသင်နှစ် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲကို ဖေဖော်ဝါရီ ၈ ရက် နံနက် ၁၀ နာရီက ပခုက္ကူခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပသည်။

ပေးအပ်ချီးမြှင့်

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဦးလွင်ကိုဦးက အမှာစကားပြောကြားပြီး ပခုက္ကူဦးအုံးဖေ ပညာသင်ထောက်ပံ့ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးတင့်ဆွေက ပညာသင်ထောက်ပံ့ကြေးရန်ပုံငွေနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ ထောက်ပံ့ကြေးရရှိသည့် ကျောင်းသား ကျောင်းသူ ၂၇ ဦးအား ပညာသင်ထောက်ပံ့ကြေးငွေကျပ် တစ်သိန်းစီကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလွင်ကိုဦးနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ)**

(၀၇၀)

ငါးသလောက် ထိန်းသိမ်းရေး ဇေယျာသီရိမြို့နယ်၌ ပညာပေးဟောပြော

ဇေယျာသီရိ ဖေဖော်ဝါရီ ၁၀

ဇေယျာသီရိမြို့နယ် ကျွန်းကလေးကျေးရွာ ဧရာဝတီမြစ်သဲသောင်ပြင်တွင် ဇန်နဝါရီ ၂၈ ရက်က ငါးသလောက်ထိန်းသိမ်းရေး ပညာပေး ဟောပြောပွဲကျင်းပရာ ဟောပြောပွဲတွင် ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးကျော်မင်းက ငါးသလောက်ကြီးထွားမှုအခြေအနေ၊ မျိုးပေါက်ပွားမှုအခြေအနေ၊ ဖမ်းဆီးရမိသည့် ငါးအရွယ်အစား၊ ဥတည်ရှိမှုအခြေအနေများ၊ ညောင်တုန်း၊ ဇေယျာသီရိ၊ ဇလွန်မြို့နယ်တို့တွင် တွေ့ရှိရသော ငါးသလောက် ၁ လက်မ၊ ၁၂ လက်မ အရွယ်များကို သောင်ဆွဲပိုက်များတွင် ဇာပြာတပ်၍မဆွဲရန်၊ မြစ်အတွင်းရှိ ငါးသလောက်ငယ်များ မဖမ်းဆီးရန်၊ ကမ္ဘာကြီးပူနွေးလာမှု အခြေအနေ၊ ငါးမျိုးပြုန်းတီးမှုကို ကာကွယ်တားဆီးရန်အတွက် ဘက်ထရီရှော့တိုက်ဖမ်းဆီးခြင်းမပြုရန်နှင့် ငါးလုပ်ငန်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ပညာပေးဆွေးနွေး ဟောပြောခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ကြက်ငှက်တုပ်ကွေး ကာကွယ်ရေး အသိပညာပေးဟောပြော

မိုးညှင်း ဖေဖော်ဝါရီ ၁၀

မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကြီးမှူး၍ ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်တားဆီးရေး အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၂ ရက် နံနက် ၁၀ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်မြင့်လှိုင်က အမှာစကားပြောကြားသည်။

ဟောပြော

ဆက်လက်၍ မိုးညှင်းခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါက်တာ ခင်မောင်မြင့်၊ မြို့နယ်ဦးစီးအရာရှိ ဒေါက်တာ ဝင်းဦး၊ မိုးညှင်းခရိုင် ကျန်းမာရေးဦးစီးဌာန ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာ သင်းသင်းလှိုင်တို့က ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးနှင့် စပ်လျဉ်း၍ အသိပညာပေးဟောပြောခဲ့ကြကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

စာအုပ်စာပေ လူ့မိတ်ဆွေ

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်

မအူပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဘီးလင်းကျေးရွာနှင့် အောင်ဟိတ်-ဆိပ်သာလမ်းဆက်သွယ်သည့် ကျေးလက်လမ်းမြေဖို့ခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးသန်းအေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ကျော်ဦးတို့ ဇန်နဝါရီ ၃၁ ရက်က ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ-၂ ဦးလှမျိုးဇော် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ခန္တီးမြို့ ကမ်းနားလမ်းတွင် ပန်းအုတ်ခုံများ ပြုလုပ်ဆေးသုတ်နေမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးအောင် ဒီဇင်ဘာ ၁၅ ရက်က ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ထီးချိုင့်မြို့နယ် ထီးချိုင့်-ကျောင်းကုန်း လမ်းပေါ်ရှိ ဇီးဖြူကျင်းတံတားပြင်ဆင်ရန် ပစ္စည်းစုဆောင်းထားရှိမှုကို ဖေဖော်ဝါရီ ၃ ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးတင်ညွန့် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်မင်းကြိုင်နှင့် အငယ်တန်းအင်ဂျင်နီယာ -၂ ဦးဗိုလ်မင်းတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကလိန်အောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဘူတာရုံအဝင်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၆ ရက်က မြို့နယ်တာဝန်ခံ ဦးခင်တိုးနှင့် အငယ်တန်းအင်ဂျင်နီယာ (၂) ဦးဇမ္ဗူရာဇ်ထွန်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ် ပြန်/ဆက်)

လွယ်ဂျယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က အမှတ်(၁၉)လမ်း ကတ္တရာထပ်ပိုးလွှာခင်းရန် စီစဉ်ဆောင်ရွက်နေမှုကို ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းဗိုလ်နှင့်အဖွဲ့ ဇန်နဝါရီ ၁၃ ရက်က စစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးမိုင်းရင်နှင့် မြို့နယ်တာဝန်ခံ ဦးစောသီဟတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ရွှေ ငွေ သံယံ မှုစပိ

သစ္စာ

အာမခံ စိန်၊ ရွှေ ရတနာဆိုင်

တရုတ်နှစ်သစ်ကူး အထူးအစီအစဉ်

(၂၉-၁-၂၀၁၁ မှ ၁၄-၂-၂၀၁၁ အထိ)

ဝယ်ယူအားပေးသူတိုင်းအား ရွှေတစ်ကျပ်သား၊ ငါးမူးသား၊ တစ်မတ်သား၊ ရွှေထည်ကြီးများနှင့် အဖိုးတန်အိလက်ထရောနစ် ပစ္စည်းများကို ဖလားမပါတံစမ်းမဲ ဆုကံချင်းဖွင့်ပေးမည့်အပြင် ၂၀၁၁-အိန္ဒြာကျော်ခင်ပုံ မြက္ခစိန်နှင့် T-Shirt များကိုပါ လက်ဆောင်ပေးမည်ဖြစ်ကြောင်း အထူးသတင်းကောင်း ပါးလိုက်ပါသည်။

NELC Don't Worry, Just Speak! Nelson English Language Centre

Summer English Courses

Opening in March

Pre-School (Age/3-5)

Young Learners (Age/6-15) (Cambridge Exam)

10% off before 21 February

မော်တော်ယာဉ်များ လေလံတင်ရောင်းချရန်ကြေညာခြင်း

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းပိုင် ကုန်တင်မော်တော်ယာဉ်(၄)စီးတို့အား မျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်သည်။ အသေးစိတ် အချက်အလက်များကို ရုံးချိန်အတွင်း(ဖုန်း-၀၆၇-၄၁၀၄၉၉)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

လေလံပိတ်ရက် ၁၈-၂-၂၀၁၁ရက် မွန်းတည့်(၁၂:၀၀)နာရီ

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း
ဗဟိုပစ္စည်းဟောင်းထုခွဲရောင်းချရေးအဖွဲ့
နေပြည်တော်။

စီးပွားပန်းခင်း 73009869 73028433 73013432

အဝေးသင် 10% Discount

Ph:01-584532, 584803, 580173

လိပ်ခေါင်းရောင်
73121554

ကန့်ကွက်နိုင်ပါကြောင်း

ဇဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၀အေ၊ မြေကွက်အမှတ် ၄တီ/၂-ဘီ၊ မြေကွက် တည်နေရာအမှတ် ၄တီ/၂-ဘီ၊သံလွင်လမ်း၊ ဇဟန်းမြို့နယ် ဦးမောင်မောင်လွင်အမည်ပေါက် မြေပိုင်မြေအားအမည်ပေါက် ဦးမောင်မောင်လွင်နှင့် ဇနီးဒေါ်ငွေငွေလွင်တို့ ကွယ်လွန်သဖြင့် (၁)ဦးဇော်ဇော်လွင် ၁၂/ပဇတ(နိုင်)၀၀၂၈၅၂၊ (၂)ဦးအောင်အောင်လွင် ၁၂/ပဇတ(နိုင်)၀၀၂၇၄၈၊ (၃)ဒေါ်ညိုမီလွင် ၁၂/ပဇတ(နိုင်)၀၀၂၈၃၆၊ (၄) ဒေါ်ချိုမီလွင် ၁၂/ပဇတ(နိုင်)၀၂၇၀၃၅ တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

ကန့်ကွက်နိုင်ပါကြောင်း

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၂၈E၊ မြေကွက်အမှတ် ၃၇၃၊ မြေကွက်တည်နေရာ အမှတ်၁၆၇၊ ဗားကရာလမ်း၊ စမ်းချောင်း ဦးကျော်သောင်း၊ ဒေါ်တင်တင် အမည်ပေါက် နှစ် ၆၀ဂရန်မြေအားအမည်ပေါက် ဖခင်ဦးကျော်သောင်း၊ မိခင်ဒေါ်တင်တင်တို့ ကွယ်လွန်သဖြင့် (၁)ဦးဝိလီကျော်သောင်း (ခ)ချစ်ကိုကို ၁၂/စခန(နိုင်)၀၂၅၁၆၈၊ (၂)ဒေါ်နွယ်နီ ၁၂/စခန(နိုင်)၀၂၇၀၇၁၊ (၃)ဦးဂျော်ဂျီကျော်သောင်း ၁၂/စခန(နိုင်)၀၂၇၀၆၉တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

လယ်ယာသန်းခေါင်စာရင်းကောက်ယူရေး ကျောင်းကုန်းမြို့နယ်၌သင်တန်းဖွင့်

ကျောင်းကုန်း ဖေဖော်ဝါရီ ၁၀

ကျောင်းကုန်းမြို့နယ် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနက ၂၀၁၀ ခုနှစ် မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်း သင်တန်းဖွင့်ပွဲနှင့်လုပ်ငန်းတာဝန်ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၉ နာရီက ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်ကျောင်းကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ကျင်းပရာ မြို့နယ် ဥက္ကဋ္ဌ ဦးမျိုးကျော်ကျော်နှင့် မြို့နယ်မြေစာရင်းဦးစီးဌာန ဦးစီးအရာရှိဦးစိုးတင့်တို့ အမှာစကား ပြောကြားကြသည်။

တက်ရောက်

ထို့နောက် မြို့နယ် ဥက္ကဋ္ဌ ဦးမျိုးကျော်ကျော်က ၂၀၁၀ ခုနှစ် လယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း တာဝန်ပေးအပ်ရာ မြို့နယ်မြေစာရင်းဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးတင့် လက်ခံယူသည်။ **(အောက်ဝဲပုံ)** အဆိုပါသင်တန်းသို့ သင်တန်းသား ၃၃ ဦး တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။ (၁၅၄)

ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်း(အထက-၂-ခွဲ) ၏ မိဘဆရာအသင်း နှစ်ပတ်လည်နှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၀ ရက်က ကျင်းပရာ ဦးစံဖုန်းတင့်-ဒေါ်ခင်လေးဆွေ (မိဘဆရာအသင်း ဒုတိယဥက္ကဋ္ဌ)၊ သား မောင်စံမင်းထွဋ်မှ မိသားစုက သောက်ရေသန့်စက်အတွက် ငွေကျပ်နှစ်သိန်း လှူဒါန်းသဖြင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်စန္ဒာဦးက ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။ (ပညာရေး)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သပိတ်ကျင်း၌ ပညာပေးဟောပြော

သပိတ်ကျင်း ဖေဖော်ဝါရီ ၁၀

ပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့ အခြေခံပညာ အထက်တန်းကျောင်း၌ ဇန်နဝါရီ ၂၆ ရက် နံနက် ၉ နာရီခွဲက မြန်မာနိုင်ငံရဲတပ်ဖွဲ့က ကြီးမှူးကျင်းပသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲ ကျင်းပသည်။ **(အပေါ်ပုံ)**

သရုပ်ပြ

ဟောပြောပွဲတွင် သပိတ်ကျင်းမြို့နယ် ဥက္ကဋ္ဌ ဦးမျိုးဟန်က အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ဝင်းမြင့်က ခြေကျင်လျှောက်သူများ၊ မော်တော်ဆိုင်ကယ်စီးနင်းသူများ၊ မော်တော်ဆိုင်ကယ်နောက်မှ စီးနင်းလိုက်ပါသူများ လိုက်နာရမည့်စည်းကမ်းချက်များကိုလည်းကောင်း၊ စခန်းမှူး ရဲအုပ်ငွေဝင်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်းနှင့် သရုပ်ပြခြင်းကိုလည်းကောင်း ပြုလုပ်ခဲ့ကြကြောင်း သိရှိရသည်။ (၀၄၀)

လယ်ယာသန်းခေါင်စာရင်းကောက်ယူရေး သီပေါမြို့နယ်၌ သင်တန်းဖွင့်

သီပေါ ဖေဖော်ဝါရီ ၁၀

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ်၏ ၂၀၁၀ ခုနှစ် မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းသင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၁၀ နာရီက မြို့နယ်မြေစာရင်း ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ သီပေါမြို့နယ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်က အမှာစကားပြောကြားပြီး ၂၀၁၀ ခုနှစ် မြို့နယ်အတွင်း လယ်ယာသန်းခေါင်စာရင်းကောက်ယူမည့် လုပ်ငန်းအစီအစဉ်များကို မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးသိန်းဝင်းက ရှင်းလင်းတင်ပြသည်။

၂၀၁၀ ခုနှစ် မြန်မာနိုင်ငံလယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်း လုပ်ငန်းသင်တန်းကို ရက်သတ္တတစ်ပတ်ကြာ သင်ကြားပို့ချခဲ့ပြီး မြို့နယ်အတွင်းရှိ မြေစာရင်းလက်ထောက်ဦးစီးမှူး ခြောက်ဦး၊ မြေတိုင်း (၄) ၁၆ဦး စုစုပေါင်း ၂၂ ဦး တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။ (၀၇၂)

မြောက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က အနော်မာပန်းခြံ ခြံစည်းရိုး ကာရံခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဦးချစ်မောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဦးစောဝင်းတို့ ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

မြို့နယ်သတင်း ထွေတလာ

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကျင်းပ

ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးသင့်သော ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ရယူ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဖွဲ့စည်းရန် ရွေးချယ်ထားသည့် အဖွဲ့ဝင် (၉)ဦး၏ အမည်စာရင်းနှင့် ယင်းတို့အနက်မှ ခုံရုံးဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရန် အဖွဲ့ဝင်တစ်ဦး၏အမည်ကို ပြည်ထောင်စုလွှတ်တော်သို့တင်ပြ

နေပြည်တော် ဖေဖော်ဝါရီ ၁၁

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမဌကျင်းပရာ ပြည်ထောင်စုလွှတ်တော် နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ရုံးညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက အခမ်းအနားမှူးအဖြစ်ဆောင်ရွက်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ❐

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုလွှတ်တော်သို့ တင်ပြထားသော ပြည်ထောင်စုဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ် (၃၀)ဦးနှင့် ပတ်သက်၍ ကန့်ကွက်ချက် တစ်စုံတစ်ရာမရှိသည့်အတွက် ခန့်အပ်တာဝန်ပေးရန် ပြည်ထောင်စုလွှတ်တော်က သဘောတူကြောင်း ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်က ကြေညာစဉ်။
(သတင်းစဉ်)

ရောင်စုံအထူးထုတ်အချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ပြည်ထောင်စုနေ့ ရောင်စုံအထူးထုတ်အချပ်ပို လေးမျက်နှာ ပါရှိပါသည်။

မြန်မာ့အလင်း (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြု

❖ ယခင်ပင်လုံညီလာခံနှင့် ယနေ့အခြေအနေ — သခင်တင်မြ၏ဆောင်းပါး စာ - ၅
❖ သတိတရားနှင့်ယှဉ် အသိဉာဏ်ပညာဖြင့် ဆင်ခြင်၍ ထာဝစဉ် စောင့်ရှောက်ထိန်းသိမ်း ကာကွယ်သွားကြရမည့် ဒို့ပြည်ထောင်စု — ကိုမြန်မာ၏ဆောင်းပါး အထူးထုတ် - ဃ၊ ခ၊ ဂ
❖ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက် ဖွံ့ဖြိုးတိုးတက်လာသော ရှမ်းပြည်နယ် — သတင်း-ဓာတ်ပုံ စာ - ၆၊ ၇
❖ ပြည်ထောင်စုအားမာန် — မြင်းမူမောင်နိုင်မိုး၏ ကဗျာ အထူးထုတ် - ဂ
❖ ပြည်ထောင်စု ထမင်းဝိုင်း — မင်းဦး(ဒဿန)၏ ကာတွန်း စာ - ၅